# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၁၈)


## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင်ဌာနၵ္ ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ဌာပနာတော်သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင်ဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန် ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| (က) | ဗိုလ်မှူးကြီး တင့်လွင် | ၀၉-၅၁၈၄၃၀၆ |
| ( ခ ) | ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ |

## စမတောင်တော်ပေါ်ရှိ ကမ္ဘာ့ကပ်ကျော်စေတီတော် ထုံးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အောင်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စု နယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် စမတောင်တော်ပေါ်၌ တည်ထားကိုးကွယ်ထားသော ကမ္ဘာ့ကပ်ကျော်စေတီတော် ထုံးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အောင်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါစေတီတော် ပရိဝုဏ်၌ ကျင်းပသည်။

အခမ်းအနားသို့ စမတောင်တော်ကမ္ဘာ့ကပ်ကျော်စေတီတော် ဆရာတော် ဘဒ္ဒန္တဉာဏ္ဍောဘာသ အမှူးပြုသော ဆရာတော်၊


စာမျက်နှာ ၄ ကော်လံ ၄ ✪


**ယနေ့** *ဖတ် စ ရာ*

### နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး


ပြည်တွင်းသတင်း | စာ ၃


.............................

### ဆိုဗီယက်/ ရုရှားခေတ်များမှ အားကျအတုယူဖွယ်မျိုးချစ်စိတ်ဓာတ်

*မြန်မာ - ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး*


ဆောင်းပါး | စာ ၆

# ကမ္ဘာတစ်ခွင် တွင်ကျယ်လာမည့် လျှပ်စစ်စွမ်းအင်သုံးကားများ

ကမ္ဘာတစ်ဝန်းလုံးတွင် နှစ်ပေါင်း ၁၀၀ ကျော် သုံးစွဲလာခဲ့သည့် ရုပ်ကြွင်းလောင်စာစွမ်းအင်သုံးကားများ၏ အနာဂတ်မှာ မေးမိုန်စပြုနေပြီဖြစ်သည်။ ဒီဇယ်ဆီ၊ ဓာတ်ဆီ စသောလောင်စာဆီများ ထုတ်လုပ်သည့် (Fossil Fuel) ခေါ် ရုပ်ကြွင်းလောင်စာများမှာ ပမာဏအကန့်အသတ်ဖြင့်သာရှိနေခြင်းဖြစ်ရာ လာမည့်ဆယ်စုနှစ်ပေါင်း သုံးခုမှ ငါးခုမျှကာလအတွင်း ကုန်ဆုံးသွားတော့မည်ဟု ပညာရှင်များက တွက်ဆထားကြပြီး အခြားသော စွမ်းအင်အရင်းအမြစ်များကို အစားထိုးသုံးစွဲရန် ကြိုးပမ်းနေကြရပြီဖြစ်သည်။ ထို့အပြင် မျက်မှောက်ကမ္ဘာ့နိုင်ငံရေးအခြေအနေများနှင့် ရုပ်ကြွင်းလောင်စာစွမ်းအင်အကျပ်အတည်းများကလည်း ဒီဇယ်ဆီ၊ ဓာတ်ဆီသုံးမော်တော်ယာဉ်များအစား လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်များထုတ်လုပ်သုံးစွဲရန် တွန်းအားတစ်ရပ်ဖြစ်လာသည်။

ကမ္ဘာ့မော်တော်ယာဉ်ဈေးကွက်တွင် ဘက်ထရီလျှပ်စစ်သုံးအင်ဂျင်ကားများကို ပိုမိုတောင်းဆိုလာရာ ကမ္ဘာ့ကားထုတ်လုပ်သည့်နိုင်ငံများက EV ဟု အတိုကောက်ခေါ်သည့် လျှပ်စစ်ကားများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း၊ EV ကားများအတွက် ဘက်ထရီများ ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန် သုတေသနပြုခြင်းများ အပြိုင်အဆိုင်ပြုလုပ်ခဲ့ကြခြင်းဖြင့် EV ကား ဈေးကွက်မှာ တစ်ကမ္ဘာလုံးတွင် ကျယ်ပြန့်လာလျက်ရှိသည်။ EV ကားများသည် ဘက်ထရီလျှပ်စစ်စွမ်းအင်ကို အသုံးပြုခြင်းကြောင့် ဆူညံသံနှင့် အခိုးအငွေ့ထုတ်လွှတ်မှု မရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်ခြင်း၊ ရုပ်ကြွင်းလောင်စာ စွမ်းအင်သုံးကားများနှင့် နှိုင်းယှဉ်ပါက ခရီးတစ်မိုင်အတွက် ကုန်ကျစရိတ် ခြောက်ဆခန့် လျော့နည်းသက်သာခြင်း အစရှိသည့် အားသာချက်များရှိသည်။ အိမ်သုံးမော်တော်ယာဉ်ငယ်များအဖို့ အိမ်သုံးမီတာဖြင့်ပင် ဘက်ထရီအားသွင်းနိုင်ပြီး လမ်းခရီးတွင်လည်း အများသုံးအားသွင်းစက်များ (Public Charging Stations) တွင် အားသွင်းနိုင်သည်။ သုတေသနနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များကြောင့် ဘက်ထရီအားသွင်းချိန်များမှာလည်း နာရီပိုင်းပင်မကြာတော့ဘဲ လျော့နည်းလာလျက်ရှိနေသည်ဟု နိုင်ငံတကာသတင်းများတွင် တွေ့ရှိရသည်။

မိမိတို့နိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက “Public Transportation အတွက် ခရီးတိုမြို့တွင်းပြေးဆွဲသည့် လျှပ်စစ်ယာဉ်များ၊ လျှပ်စစ်ဘတ်စ်ကားများ တင်သွင်းထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ဆောင်ရွက်ရန်” လမ်းညွှန်ချက်ဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းအကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ ဦးဆောင်ကော်မတီက “လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ” ကို ရေးဆွဲထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ်ကို EV ယာဉ်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး Pilot Project ကာလအဖြစ် သတ်မှတ်ကာ EV ယာဉ်များ တင်သွင်း/ထုတ်လုပ်ရေး၊ အများသုံး Level – 3 အဆင့် Charging Station များ တည်ဆောက်ရေးတို့အပါအဝင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့ EV ကားထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံကလည်း EV ကား ဈေးကွက်မြှင့်တင်မှု ပြုလုပ်လျက်ရှိသည်။ မိမိတို့နိုင်ငံအနေဖြင့် အများပြည်သူသွားလာရေးအတွက် တက္ကစီနှင့် ဘတ်စ်များကို လျှပ်စစ် စွမ်းအင်သုံးယာဉ်များအဖြစ် တင်သွင်းသုံးစွဲခြင်းမှ အစပြုကာ ရေရှည်တွင် ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားအဆင့် ကြိုးပမ်းဆောင်ရွက်အကောင်အထည်ဖော်နေခြင်းသည် နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

**တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာမြင့်မြင့်ခိုင်<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(ပခုက္ကူ)<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (ပခုက္ကူ)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၂) | ဒေါက်တာနန်းစိုးစိုးအောင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (လားရှိုး)<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (လားရှိုး)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မိုး/ဇလ

## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၆၀ အား ၎င်းကျေးရွာများရှိ ဗြဟ္မာဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၁ ဦး၊ ခွဲစိတ်ရောဂါ ၂၁ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၂၃ ဦး၊ အရိုးရောဂါ ၃၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၃၅ ဦးနှင့် သွားရောဂါ ၁၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေ ခွဲစိတ်လူနာ ၈ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၇ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် ဓာတ်မှန်ရိုက်လူနာခြောက်ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**
နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။



**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် စဝ်ဆောင်းဟန်၊ စဝ်အုမ်ခေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ဆွေးနွေးညှိနှိုင်းခဲ့**

ဒုတိယနေ့ ဆွေးနွေးပွဲတွင် ပထမနေ့၌ မပြီးပြတ်သေးသည့် ဆက်လက်ဆွေးနွေးရန် ကိစ္စများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ နှစ်ဖက်အဆိုပြုချက်များ၊ RCSS မှ အဆိုပြုသည့် ရှမ်းပြည်နယ်ဆိုင်ရာ အခြေခံမူဝါဒ(၃၃)ချက်နှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဘုံသဘော တူညီချက်များကို နှစ်ဖက်အပြန်အလှန် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများကို မိမိတို့၏ သဘောထားအမြင်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယင်းနောက် နှစ်ဖက်ဆွေးနွေးချက်များအရ သဘောတူညီချက်များရယူနိုင်ရန် မူကြမ်းများကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ရပ်နားခဲ့သည်။

တတိယနေ့ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်တူညီသည့် သဘောထားများကို သဘောတူညီချက်များအဖြစ် လက်မှတ် ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအဖွဲ့နှင့် တွေ့ဆုံပြီး ဆာကူရာပန်းစိုက်ပျိုးပွဲသို့ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၅
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ဂျပန် - မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများအား ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအဖွဲ့ကိုယ်စား ဦးမိုးမင်းဦး (ခ) ဦးရွှေသွေးနှင့် Mr. HATANO HiROSHI တို့က ဂျပန် - မြန်မာ ချစ်ကြည်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဂျပန် - မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ် ဆာကူရာပန်း စိုက်ပျိုးပွဲကျင်းပခြင်း အကြောင်းအရာများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံသည် ယခင်ကတည်းက ကောင်းမွန်သောဆက်ဆံရေး ရှိခဲ့ပြီးဖြစ်၍ ဆက်လက်ပြီး ပိုမိုကောင်းမွန်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးနေသဖြင့် တိုင်းရင်းသားလူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ရာ ထိုင်းနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထားရှိသည့် ကောင်းမွန်သောစနစ်ကို မြင်တွေ့ခဲ့ရကြောင်း၊ မည်သည့်နိုင်ငံမဆို ငြိမ်းချမ်းရေးသည် လွန်စွာအရေးကြီးကြောင်း၊ တိုင်းသူပြည်သားများ စည်းလုံးမှ ငြိမ်းချမ်းမည်၊ ငြိမ်းချမ်းမှ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ကြောင်း၊ အရောင်အသွေးမရှိ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ မိမိတို့နိုင်ငံ မိမိတို့လူမျိုးအတွက် ကြိုးစားဆောင်ရွက်ပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ မြန်မာ-ဂျပန် ချစ်ကြည်ရေး ဆိုသည်မှာလည်း မေတ္တာတရားပင် ဖြစ်ကြောင်း၊ ဆာကူရာပန်းကို မေတ္တာနှင့် စိုက်ပျိုးခြင်းဖြင့် မေတ္တာပွားများပြီး ငြိမ်းချမ်းကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအဖွဲ့ ကိုယ်စားလှယ်များသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) အတွင်းရှိ နန်းမြင့်မျှော်စင်အနီးတွင် ဆာကူရာပန်းပင်များ စိုက်ပျိုးပေးကြပြီး(အပေါ်ပုံ) စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအလှများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) အတွင်း ဆိပ်ခံဇောတံတား တည်ဆောက်ပြီးစီးမှုနှင့် Pont-oon ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဘူးသီးတောင်မြို့၌ လူငယ်စကားဝိုင်းကျင်းပ

**ဘူးသီးတောင် ဇန်နဝါရီ ၂၅**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်ဥမ္မာသန်းက လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်များ ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးအောင်က လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်အေးအေးအောင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်ဥမ္မာသန်းတို့က ဦးဆောင်ဆွေးနွေးကြပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး စသည့်ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအား မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများ ထောက်ပံ့ပေးကြောင်း သိရသည်။

**လှကျော်( ပြန်/ဆက်)**

# ပဲခူးမြို့ ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်သွားမည်

**ပဲခူး ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ ဗိုလ်ကုန်း (၁၈) ရပ်ကွက်အတွင်း ဉာဏ်တော် ပေ ၁၈၀ ရှိ ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး စေတီတော်အား ဆေးသကၤန်းကပ်လှူနေမှုနှင့် စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများမှ စုပေါင်း၍ စေတီတော်အား သန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စေတီတော်ဓမ္မာရုံ၌ ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီး၏ မဟာနာယက ဆရာတော်ကြီးဖြစ်သည့် အသောက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုခဲ့ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးအား ရွှေသကၤန်းဆက်ကပ်နိုင်ရေး၊ စေတီတော်၏ အထက်ပစ္စယံ၌ ကွေပြားခင်းရန်၊ ဂေါပကအဖွဲ့ ဖွဲ့စည်းပေးရန်၊ စေတီတော်၏ ဝတ္တကမြေသတ်မှတ်နိုင်ရေးနှင့် ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ ဘုရားဈေးအတွင်း ပုံကျဈေးရုံ အမှတ်(၁)နှင့်အမှတ်(၂) တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကုန်စိမ်းဈေးတန်းနှင့် သားငါးဈေးတန်းအား သီးခြားခွဲ၍ စနစ်တကျ နေရာချထားပေးရန်၊ ဈေးရုံအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ နာရီစင်ပန်းခြံအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပြန်လည်အဆင့်မြှင့်တင်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လှပပြီးခေတ်မီသည့် Landscaping Design များဖြင့် ဖော်ဆောင်ရန်၊ ဟသ်ာရုပ်တုအား သတ်မှတ်ချက်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ နာရီစဉ်အား ပြန်လည်ပြုပြင်မွမ်းမံရန်၊ ပန်းခြံအတွင်း အလှပန်းပင်များအား စနစ်တကျ သယ်ယူပြောင်းရွှေ့ရန်နှင့် မီးအလှဆင်ခြင်းများလည်း ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





# ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်

**ထားဝယ် ဇန်နဝါရီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တွင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန် ဘုရားကြီးဝင်းအတွင်း စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။**(အောက်ပုံ)**

ထို့နောက် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ဘုရားကြီးဝင်း အတွင်း/အပြင် သန့်ရှင်းသပ်ရပ်လှပစေရေး အတွက် အမှိုက်သရိုက်များ ရှင်းလင်းခြင်းများကို ဆောင်ရွက်ပေးပြီး ထွက်ရှိလာသော အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်ပေးကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ထားဝယ်မြို့ သစ်စေးပင် ဘုန်းတော်ကြီး ကျောင်းဝင်းရှိ တည်ထားကိုးကွယ်တော်မူသော စေတီတော်မြတ်ကြီးနှင့် ဘုရားသိမ်အား ထုံးသင်္ကန်းကပ်လှူ ပူဇော်ခြင်း၊ ပန်း၊ ရေချမ်းများ လဲလှယ်ခြင်းတို့ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ထားဝယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ထက်နောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**





# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီပုထိုးများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေး

**ဘားအံ ဇန်နဝါရီ ၂၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များလိုက်ပါ၍ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခန့်က ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီပုထိုးများတွင် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မပါလအား သွားရောက်ဖူးမြော်ကြည်ညို၍ ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီမှစ၍ ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတွင် ဓဇဂ္ဂသုတ်နှင့် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း ပရိတ်တရားတော်များ တစ်ချိန်တည်း တစ်ပြိုင်တည်း ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်နိုင်ရေး လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်တန်းသာသနာပြုကျောင်း သစ္စာမဏ္ဍိုင်ဆုတောင်းပြည့် စေတီတော်၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဓမ္မဝါသီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကာ ကမ္ဘာ့ကပ်ကျော်အောင်တော်မူ စေတီတော်မြတ်ကြီးနှင့် ကျောင်းပရိဝုဏ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများ၏ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးကြသည်။

ထို့အတူ ကရင်ပြည်နယ်အတွင်းရှိ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ လှိုင်းဘွဲ့နှင့် ဖာပွန်မြို့နယ်တို့တွင်လည်း ဘုန်းတော်ကြီးကျောင်းများနှင့် စေတီပုထိုးများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❂ရှေ့ဖုံးမှ

သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီးနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ကမ္ဘာ့ကပ်ကျော်စေတီကြီးအား ထုံးသင်္ကန်းဆက်ကပ်လှူဒါန်း၍ ဘုရားကျောင်းကန်အတွင်း သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တဉာဏဘာသထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းပြီး အနုမောဒနာတရား နာကြားကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင်လည်း ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ ဦးဆောင်၍ မြို့နယ်များအတွင်းရှိ ဘုရား၊ စေတီ များတွင် ထုံးသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုရားကျောင်းကန်များအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် စေတီပုထိုးများ၌ ထုံးသင်္ကန်းဆက်ကပ်ခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်



**တောင်ကြီး ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက စေတီပုထိုးများ၊ ထုံးသင်္ကန်း ဆက်ကပ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။**(ယာပုံ)**

ထိုသို့ ရှမ်းပြည်နယ်အတွင်းရှိ စေတီပုထိုးများတွင် ထုံးသင်္ကန်းနှင့် သန့်ရှင်းရေးဆောင်ရွက်မှုများကို ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီး စေတီတော်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မြိတ် ဇန်နဝါရီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် သန့်ရှင်းရေးများကို ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့ကျက်သရေဆောင် လေးကျွန်းဆီမီး စေတီတော်၌ ပြုလုပ်ကြသည်။(ဝဲပုံ)

အဆိုပါ သန့်ရှင်းရေးကို စုပေါင်းသန့်ရှင်းရေးကို စေတီတော် ပရိဝုဏ်အတွင်း၊ အပြင်တွင် ချုံနွယ်များကို ပေါက်တူး၊ ဓားနှင့် မြက်ဖြတ်စက်များဖြင့် ရှင်းလင်းဆောင်ရွက်ကြပြီး စေတီတော်ရင်ပြင်၌ တံမြက်စည်းဖြင့် အမှိုက်များ ရှင်းလင်းကြကာ စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးကြသည်။

မြိတ်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုစုပေါင်း ၂၀၀ ကျော်ဖြင့် သန့်ရှင်းရေးကို စုပေါင်းကုသိုလ်ပြုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ကော့ကရိတ်မြို့၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်

**ကော့ကရိတ် ဇန်နဝါရီ ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ မြို့သာယာသန့်ရှင်းလှပစေရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အမှတ်(၆)ရပ်ကွက်ရှိ ဇိနသုခလောကသရဖူစေတီဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြကြောင်း သိရသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကော့ကရိတ်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက စေတီဝင်းအတွင်းရှိ အမှိုက်များ၊ သစ်ကိုင်းများ၊ မြက်ပင်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားစေတီတော်အား ရေသပ္ပာယ်ခြင်း၊ ဘုရားပန်းအိုးများ ဆေးကြောခြင်းနှင့် ဘုရားပန်းများ ဆက်ကပ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ခင်မျိုးဝင်း(ခရိုင် ပြန်/ဆက်)**





# စစ်တွေမြို့ လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**စစ်တွေ ဇန်နဝါရီ ၂၅**

စစ်တွေမြို့ လက်ဝဲသလုံးတော်ဓာတ် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးအတွက် ယနေ့မွန်းလွဲ ၂ နာရီက နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။

လက်ဝဲ သလုံးတော်ဓာတ်စေတီတော်မြတ်ကြီးတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ ပရဟိတအဖွဲ့များက စေတီတော်မြတ်ကြီး ခြံဝင်းနှင့် ရင်ပြင်တို့တွင် စွန့်ပစ်အမှိုက်များ ကောက်ယူသိမ်းဆည်းခြင်း၊ မြက်ပင်များ၊ ပေါင်းပင်များ၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းများကို ဆောင်ရွက်ကြသည်။ ထို့ပြင် ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ စေတီတော်မြတ်ကြီးသန့်ရှင်းသာယာစေရေး၊ ဘုရားကြီးရင်ပြင်နှင့် ဘုရားကြီးအနီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

အလားတူ စည်ပင်သာယာရေးအဖွဲ့ကလည်း စွန့်ပစ်အမှိုက်များကို သိမ်းဆည်းပြီး အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းယူကာ သတ်မှတ်နေရာတွင် စနစ်တကျစွန့်ပစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

# ဆိုဗီယက်/ ရုရှားခေတ်များမှ အားကျအတုယူဖွယ်မျိုးချစ်စိတ်ဓာတ်

**လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က အကျပ်အတည်းမျိုးစုံအောက်မှာ ပြိုကွဲခဲ့ရသည့် ဆိုဗီယက်ယူနီယံကြီး တစ်ဖြစ်လဲ ယနေ့မျက်မှောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကြီးကား သမ္မတ ဗလာဒီမာပူတင် ဦးဆောင်တာဝန်ယူခဲ့သည့်ကာလတစ်လျှောက် ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးတစ်နိုင်ငံအဖြစ် ထင်ထင်ရှားရှား ရပ်တည်လျက်ရှိနေပေပြီ။**

ဒေါက်တာမြတ်မိုး

ကမ္ဘာ့ရေးရာများနှင့်ပတ်သက်၍ ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံ၏ ရပ်တည်မှုဆိုသည်မှာ နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည်နှင့်အညီ အလေးအနက်ထားရသည်သာဖြစ်သည်။ အင်အားကြီးနိုင်ငံအဖြစ် ထင်ရှားသည့်သာဓကများဖြစ်သော ခေတ်မီမှု၊ နိုင်ငံရေး၊ စီးပွားရေးတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှု၊ နိုင်ငံသားများ၏ ပညာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှု၊ စစ်အင်အားတောင့်တင်းမှု စသည်များအားလုံး ယနေ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံကြီးက ပိုင်ဆိုင်ထားသည်။ ပြိုကွဲပြိုလဲခဲ့ရသည့် ယခင် ဆိုဗီယက်နိုင်ငံတော်ကြီး နှစ် ၃၀ အတွင်း ရုရှားနိုင်ငံတော်ကြီးအဖြစ် တစ်ဖန်ပြန်လည်ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်း၏ လျှို့ဝှက်သော့ချက်များကား အဘယ်နည်း။ ဖွံ့ဖြိုးဆဲနိုင်ငံဘဝတွင် ရုန်းကန်နေရသည့် နိုင်ငံများအနေနှင့်ရောဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်လိုသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့်ပါ ကောင်းစွာလေ့လာစေလိုပါသည်။

### မတူကွဲပြားကြသော်လည်း နိုင်ငံအရေးကို ပိုမိုအလေးထားကြသူများ

ပထဝီအနေအထားအရ အာရှတိုက်နှင့် ဥရောပတိုက်နှစ်ခုကို လွှမ်းခြုံတည်ရှိနေသည့် ကမ္ဘာ့ကြီးမားအကျယ်ဝန်းဆုံးသော နိုင်ငံကြီးက နိုင်ငံ ၁၅ နိုင်ငံမျှနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ထိစပ်နေသည့် နိုင်ငံများတွင် ဂျပန်၊ တရုတ်နှင့် အမေရိကန်ကဲ့သို့သော နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအရ မဟာဗျူဟာကျသော နိုင်ငံများပါဝင်သည်။ စံတော်ချိန်ဇုန် ၁၁ ခု၊ ဘာသာစကား ၂၇ မျိုးနှင့် လူဦးရေအရ ကမ္ဘာ့အဆင့် ၉ ဖြင့်လူဦးရေများပြားပြီး သယံဇာတပေါကြွယ်ဝသောနိုင်ငံဖြစ်သည်။

ယနေ့ရုရှားနိုင်ငံတော်ကြီးသည် ယဉ်ကျေးမှုအနုပညာအမွေအနှစ်များစွာဖြင့် အင်ပါယာအဆက်ဆက်ကို ဆက်ခံခဲ့ရသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ရှေး ဆလပ်ဗ်လူမျိုးများက စတင်ခဲ့သည့် ယနေ့ရုရှားလူမျိုးများ၏ အင်ပါယာအစသည် ရုရှားအင်ပါယာအမည်ဖြင့်ပင် စတင်ခဲ့သည်ကို လေ့လာမိသည်။ အင်ပါယာအဆက်ဆက်နှင့်အတူ ပထဝီအနေအထား၊ ၂၀၀ ခန့်ရှိသည့် ကွဲပြားခြားနားသော တိုင်းရင်းသားလူမျိုး များစွာနေထိုင်ကြသည်။ ယဉ်ကျေးမှု၊ ဘာသာ၊ အယူအဆ၊ ဓလေ့ထုံးစံများ မတူကွဲပြားသည်။

သို့သော် ထိုသို့မတူကွဲပြားသည့် ကိုယ်ပိုင်ဟန်ပန်လက္ခဏာများစွာနှင့် သူတို့၏ သီးခြားဝိသေသလက္ခဏာများအပေါ် သစ္စာမပျက်ကြသော်လည်း တိုင်းပြည်အပေါ် သစ္စာစောင့်သိမှုတွင်မူ ပိုမိုပြင်းထန်ကြသည်ဟု မှတ်သားဖူးသည်။ မိမိလူမျိုးစုအရေး ဦးစားပေးကြသည့်နည်းတူ နိုင်ငံအရေးနှင့် ယှဉ်လာလျှင် နိုင်ငံချစ်စိတ်အပြည့်ဖြင့် အလေးထားမှု ဘယ်ခါမှ မလျော့တတ်ကြသည့် ရုရှားလူမျိုးများအနေဖြင့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ရဲဘော်ရဲဘက်စိတ်ကြီးမားကြသည်မှာ မဆန်းပါ။ ကိုယ့်အမျိုးသားရေးစရိုက်ကို ထိန်းသိမ်းလျက် နိုင်ငံတော်၏ အမျိုးဂုဏ်ကိုလည်း မြှင့်တင်ရန် အဆင်သင့်ဖြစ်နေတတ်ကြသည်မှာ အားကျအတုယူဖွယ်ရာဖြစ်သည်။

ရုရှားလူမျိုးများ ကိုယ့်အမျိုးကိုယ် အလွန်အမင်းချစ်ကြသည်ဆိုရာဝယ် သူတို့နေထိုင်ရာ ဇာတိရပ်ရွာနှင့် ရိုးရာဓလေ့တန်ဖိုးများကို သံယောဇဉ်ကြီးလွန်းခြင်းကြောင့်လည်း ပါမည်ထင်သည်။ အမျိုးစုံလူ



စတာလင်ဂရက်တိုက်ပွဲအတွင်းမှ ရုရှားစစ်သည်တော်များ။

သည့် တိုင်းရင်းသားလူနည်းစုများ၏ ရုရှားနိုင်ငံတော်ကြီးအပေါ် သစ္စာစောင့်သိမှုကို သမိုင်းတစ်လျှောက် နယ်ချဲ့တို့၏ ကျူးကျော်စစ်အားလုံးကို တိုက်ခိုက်အနိုင်ယူတွန်းလှန်နိုင်ခဲ့ခြင်းနှင့်ဆက်စပ်၍ နားလည်သဘော ပေါက်မိပါသည်။

### ပြိုကွဲပျက်စီးမှုအရှုံးမှ စနစ်သစ်ကို မွေးဖွားနိုင်ခဲ့သည့်ရလဒ်ကောင်းများဖြင့်

ပထဝီအနေအထား လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုပုံစံ ကွဲပြားခြားနားသည့်နိုင်ငံတိုင်းသည် စည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာပိုင်မှုတွင် စိန်ခေါ်ချက်များစွာ ရှိသည်မှာ ဓမ္မတာပင်ဖြစ်သည်။

တိုင်းပြည်အုပ်ချုပ်မှုပုံစံနှင့် ခေါင်းဆောင်တို့၏ ခေါင်းဆောင်မှုနှင့် အမြော်အမြင် ဆင်ခြင်တုံတရားသည် ထိုစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် များစွာသက်ရောက်မှုရှိသည်။ တင်းကျပ်လွန်းသည့် ဆိုဗီယက်ခေတ်တွင် ပြန်လည် တည်ဆောက်ရေးပီရက်စ်ထရွိုင်ကာနှင့် ဂလပ်စနော့ပွင့်လင်းမှု မူဝါဒများကြောင့် အချိန် မတန်ခင် အဆောတလျင်ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ရပြီး ပြောင်းလဲမှုတိုင်းတွင် အသင့်မဖြစ်နိုင်သေးသည့် ဆိုဗီယက်ပြည်သူများနှင့် ဆိုဗီယက်ပြည်ထောင်စုကြီးမှာ နိုင်ငံ ၁၅ နိုင်ငံ ခွဲထွက်သွားသည်အထိ အစိတ်စိတ်အမြွှာမြွှာပြိုကွဲပျက်စီးသွားခဲ့ရသည်။

ဤကာလသည် ၁၉၉၀–၁၉၉၁ ခုနှစ်ကာလများဖြစ်ပြီး ၁၉၉၁ တွင် သမ္မတဂေါ်ဘာချော့ နုတ်ထွက်ခဲ့ရပြီး အရှေ့ဥရောပကွန်မြူနစ်နိုင်ငံများလည်း ကျဆုံးခဲ့ရကာ ဆိုဗီယက်ဦးဆောင်သည့်အရှေ့ဥရောပကွန်မြူနစ်တစ်ခေတ် ဇာတ်သိမ်းခဲ့ရသည်။ သို့သော်လည်း ထိုသို့ကျဆုံးမှုများသည်ပင် စနစ်သစ်ကို မွေးဖွားသလိုဖြစ်ခဲ့သည်။ ယခင် ကွန်မြူနစ်နိုင်ငံများ ဒီမိုကရေစီနိုင်ငံများဖြစ်လာခဲ့ကြပြီး ဒီမိုကရေစီကို မှန်ကန်စွာ ကျင့်သုံးနိုင်မှုနှင့်အတူ ဈေးကွက်စီးပွားရေးစနစ်၏ အသီးအပွင့်ရလဒ်ကောင်းများကို ရရှိခံစားနေကြသည့်နိုင်ငံများကို တွေ့မြင်လာရသည်။ ထိုနိုင်ငံများတွင် ယနေ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံလည်း ပါဝင်နေပြီး မျက်မှောက်ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်နေသည်မှာ အရှုံးထဲက အမြတ်ပင်ဖြစ်သည်။

### ဆုံးရှုံးမှု၏အကြောင်းတရားများကို ယနေ့ အောင်မြင်မှု၏အားသာချက်များအဖြစ် အသုံးချခဲ့

တိုးတက်မှု၏ အကြောင်းတရားကိုသိလိုလျှင် ဆုတ်ယုတ်မှု၏အကြောင်းတရားကို ရှေးဦးသိရန်လိုသည်။ ဆုံးရှုံးမှုအခြေခံအကြောင်းတရားများကို သိရှိထားမှ အောင်မြင်မှုအပေါ် လွှမ်းမိုးသောအကြောင်းတရားများကို အလွယ်တကူရှာဖွေနိုင်ပါမည်။ ရုရှားနိုင်ငံကြီး၏ တိုးတက်အောင်မြင်မှုများသည် ယခင်ဆိုဗီယက်ယူနီယံကြီး၏ ဆုံးရှုံးမှုများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုဘဝမှာ ဖြစ်ခဲ့တာတွေသည် ယနေ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတော်အတွက် အားသာချက်များအဖြစ် အရေးပါခဲ့သည်။ မိမိနိုင်ငံအချုပ်အခြာရေရှည်တည်တံ့ခိုင်မြဲရန်နှင့် ငြိမ်းချမ်းသာယာဝပြောရန်၊ မှန်ကန် သော ဖွံ့ဖြိုးတိုးတက်ရေးဟူသည် မိမိနိုင်ငံ မိမိလူမျိုးသမိုင်းကြောင်းနှင့် သဘောသဘာဝများအပေါ်တွင် များစွာအခြေခံသည်။ သမ္မတဗလာဒီမာပူတင်အပါအဝင် ယနေ့ရုရှား နိုင်ငံခေါင်းဆောင်များသည် ဆိုဗီယက်ခေတ်က အမှားများနှင့် ဆိုဗီယက်ပြိုကွဲခြင်း၏ အကြောင်းတရားများကို ကောင်းစွာကြေညက်ဟန်တူသည်။

သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ဆိုဗီယက်ခေတ် အမျိုးသားရေးအတွေးအခေါ်များကို အခြေခံသည့် ယနေ့ရုရှားခေတ်အမျိုးသားရေးအယူအဆများက ခေတ်နှင့်အညီ ဆန်းသစ်လာသည်ကို တွေ့ရသည်။ ရုရှားနိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်လာသည်။ ဤသည်ပင် ဆိုဗီယက်ကွန်မြူနစ်တစ်ပါတီစနစ်မှ အလှမ်းကွာသွားခြင်းဖြစ်ပြီး ယနေ့ခေတ်ပုံစံသည် ရုရှားအမျိုးသားရေးနှင့် မျိုးချစ်စိတ်ကို အခြေခံ အလေးပေးထားသော ဒီမိုကရေစီမော်ဒယ်လ်တစ်ခု ဖြစ်လာသည်။

### အတိတ်သမိုင်းကိုမမေ့၊ ဂုဏ်ယူကြသည့် မျိုးချစ်စိတ်

ရုရှားနိုင်ငံကြီးသည် နိုင်ငံခြားတပ်များ၏ ခေတ်အဆက်ဆက် ကျူးကျော်တိုက်ခိုက်ခံခဲ့ရသည့်အတွက် သူတို့ ရုရှားများတွင် ခါးသီးလှသည့် သမိုင်းကြောင်းများစွာ ရှိခဲ့သည်။ ၁၈ ရာစုနှစ်က ဆွီဒင်၊ ၁၉ ရာစုနှစ်က ပြင်သစ်၊ ၂၀ ရာစုနှစ်တွင် ဂျာမန်တို့၏ ရုရှားနယ်နိမိတ်အတွင်းပိုင်းအထိဝင်ရောက် ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခြင်း ခံခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးမည့်အနေအထားအထိ ရောက်ခဲ့ရသည်။ သမိုင်းကြောင်းအရ သူတို့နယ်နိမိတ်၊ သူတို့အချုပ်အခြာမဆုံးရှုံးရန် ဖိအားများစွာသည် ယနေ့ရုရှားခေါင်းဆောင်များနှင့် ရုရှားပြည်သူများတွင် ကိန်းအောင်းနေသည်။ ဤသည်ကပင် ထက်သန်အားကောင်းသည့် မျိုးချစ်စိတ်ကို မွေးဖွားစေခြင်းဖြစ်သည့်အတွက် ထိုကဲ့သို့မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးအတွေးအခေါ်များကို ရုရှားလူမျိုးများက များစွာဂုဏ်ယူကြသည်။ နိုင်ငံဂုဏ် အမျိုးဂုဏ်တက်စေသည်ဟု ခံယူကြသည်။

တည်ရှိမှု ရပ်တည်မှု အခြိမ်းခြောက်ခံရသည့် နိုင်ငံတိုင်းသည် မိမိ၏ အချုပ်အခြာအတွက် အစဉ်သတိထားရမြဲဖြစ်သည်။ ယနေ့ ရုရှားလူငယ်များအပါအဝင် ရုရှားလူမျိုးများသည် သူတို့၏ အတိတ်သမိုင်းကြောင်းနှင့် နီးစပ်မှုရှိကြသည်။ သူတို့၏ သမိုင်းကို ဘယ်တော့မှ မေ့လျော့မထားကြ။ နယ်ချဲ့စနစ်နှင့် နယ်ချဲ့ကို ဘယ်လိုတွန်းလှန် ဖြိုလှဲခဲ့ကြသလဲ.. ရှေးသူရဲကောင်းများထံမှ သင်ယူရန် စိတ်အားထက်သန်ကြသူများ ဖြစ်သည်။ နောက်တစ်ချက်မှာ ရုရှားလူမျိုးအများစုသည် အလွယ်တကူ မယုံတတ်ကြဘဲ ရှေးရိုးဆန်ကြခြင်း ဖြစ်သည်။

အပြောင်းအလဲကို တွန့်ဆုတ်တတ်ကြပြီး ပြောင်းလဲမှုတစ်ခုခုကိုပြုလုပ်ရန် ဝန်လေးတတ်ကြသည်ဟု ဆိုသည်။ ထို့ကြောင့်လည်း မကြာမကြာဖြစ်ပေါ်တတ်သည့် ပြည်တွင်းဆူပူအုံကြွမှုများသည် လူထုအားလုံး၏ အမြင်ကို မထင်ဟပ်ဘဲ လွယ်လွယ်နှင့် ပြီးသွားသည်ကများသည်။ ယနေ့ ရုရှားလူငယ်များသည် ၁၉၉၀ မတိုင်ခင်က ဖြစ်ပျက်ခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များနှင့် ဆင်းဆင်းရဲရဲ နေထိုင်ခဲ့ရသည့် စီးပွားရေးအခြေအနေများကို သင်ခန်းစာယူရုံကလွဲပြီး လျစ်လျူရှုနိုင်နေကြပြီဖြစ်သည်။ သို့သော် သူတို့အနာဂတ်အတွက် စိတ်ပျက်အားလျော့မှု မဖြစ်ကြသည်ကို

*စာမျက်နှာ ၇ သို့*

- **တည်ရှိမှု ရပ်တည်မှု အခြိမ်းခြောက်ခံရသည့် နိုင်ငံတိုင်းသည် မိမိ၏ အချုပ်အခြာအတွက် အစဉ်သတိထားရမြဲဖြစ်သည်**
- **ဆိုဗီယက်ခေတ်မှ ယနေ့ရုရှားခေတ်အထိ ခေါင်းဆောင်များ၊ ပြည်သူများသည် သမိုင်း၏ အဆိုးအကောင်း၊ အနိမ့်အမြင့်ကို ကောင်းစွာခံယူ၍ ခါးသီးလှသည့် သင်ခန်းစာများကို အကောင်းဆုံး အသုံးချကာ ယနေ့ခေတ်မီ ရုရှားဖက်ဒရေးရှင်း နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိ**

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့်“ ညီညွတ်ရေးသံစဉ်” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်မှုအဖြစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “ညီညွတ်ရေးသံစဉ်” တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၇ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် “မြန်မာ့အသံခေတ်ပေါ်တေးဂီတ” အဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင် ရသ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ တေးသံရှင်များနှင့် တူယှဉ်နွှဲပျော်ဂီတပွဲတော်မှ တိုင်းရင်းသား တေးသံရှင်များဖြစ်ကြသည့် စောရက်စတာ၊ လင်းဘုန်းကျော်၊ ဖူးကေရီဆောင်း၊ အင်ကြင်းနိုင်ဦး၊ နန်းခိုင်သစ္စာ၊ မြင့်မြတ်ကျော်၊ စိုးထက်အောင်၊ စောရဲရဲနှင့် ထွန်းပပအောင်တို့က တိုင်းရင်းသားရိုးရာများနှင့် ဒေသဆိုင်ရာ အလှအပသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး၊ ထိုသို့တင်ဆက်မှုကို ဇန်နဝါရီ ၂၉ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# Grade-9 ပြီးမြောက်အောင်မြင်သူ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ယူနိုင်မည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

အခြေခံပညာ အလယ်တန်းဆင့် Grade–9 ပြီးမြောက်အောင်မြင်သူ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ယူလေ့ကျင့်နိုင်မည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**



အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကျောင်း စီမံအုပ်ချုပ်မှုကိစ္စရပ်များ တာဝန်ခွဲဝေခြင်း၊ သင်ရိုးညွှန်းတမ်းများ ရေးဆွဲသတ်မှတ်ခြင်း၊ ပုံနှိပ်စာအုပ်များ ရိုက်နှိပ်ခြင်း၊ သင်ကြားမည့် ဆရာ ဆရာမများ သတ်မှတ်ခြင်း၊ ဘာသာရပ်များ ခွဲဝေသတ်မှတ်ခြင်း၊ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းခြင်း၊ သင်ယူမှုရလဒ်များ စစ်ဆေးခြင်း၊ ဘတ်ဂျက်ခွဲဝေ သုံးစွဲဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

၂၀၂၃ –၂၀၂၄ ပညာသင်နှစ်မှ စတင်၍ ကျောင်းသား ကျောင်းသူများ အလယ်တန်းဆင့် Grade–9 ပြီးမြောက် အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀ အတွင်းမှ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၀ တွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

မကြာမီက သမ္မတ ဗလာဒီမာပူတင် တက်ရောက်စကားပြောခဲ့သည့် လူထုအစည်းအဝေးကြီးတွင် တက်ကြွအားမာန်ပါသည့် ရုရှားလူထုကြီးကို ကြည့်၍ မှန်းဆနိုင်ပါသည်။

**ရုရှားလူမျိုးတိုင်းက ဂုဏ်ယူကြသည့် ကမ္ဘာစစ်အောင်နိုင်မှု**

ဆင်းရဲနွမ်းပါးသည့် ရုရှားလူမျိုးများသည် တစ်ဖန်ပြန်၍ဆင်းရဲသွားမှာ ကြောက်ကြသည်။ ပြည်သူအသက်ပေါင်း သန်းနဲ့ချီ၍ ပေးဆပ်ခဲ့ရသည့် စစ်ပွဲအနိဋ္ဌာရုံများကို အခြားနိုင်ငံများထက် ပိုခံစားခဲ့ရ၊ ပိုသိခဲ့ရသည့်အတွက် ကမ္ဘာပေါ်တွင် ကြောက်မက်ဖွယ်ရာ နောက်ထပ်ကမ္ဘာစစ်ကြီးများ ဖြစ်ပွားမည်ကို မလိုလားဆုံးမှာ ရုရှားလူမျိုးပင်ဖြစ်လိမ့်မည်ဟု ဆိုချင်ပါသည်။ ဒုတိယကမ္ဘာစစ် နယ်ချဲ့ဖက်ဆစ်နာဇီတို့ကို တွန်းလှန်သည့် မဟာမျိုးချစ်စစ်ပွဲအတွင်း ဆိုဗီယက်ရုရှားစစ်သည် အရပ်သားပေါင်း ၂၇ သန်းအထိ သေဆုံးခဲ့သည့် အရေအတွက်သည် ကမ္ဘာပေါ်တွင် အမေရိကန်နှင့် အင်္ဂလိပ်မဟာမိတ်များ သေဆုံးမှုအရေအတွက်ထက် ပိုမိုများပြားလွန်းသည့်အတွက် စစ်ကြောင့်သေဆုံးမှု အများဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။ ဒုတိယကမ္ဘာစစ်၏ အထင်ကရတိုက်ပွဲကြီးများဆိုလျှင် ရုရှားမြေပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**စတာလင်ဂရက်တိုက်ပွဲ**

ကမ္ဘာ့သမိုင်းတစ်လျှောက် အသေအပျောက်အများဆုံးနှင့် အပြင်းထန်ဆုံးစစ်ပွဲအဖြစ် တင်စားခံရသည့် စတာလင်ဂရက်တိုက်ပွဲကို ရုရှားပြည်သူအားလုံး အသက်စွန့်လွှတ်စိတ်ဓာတ်ဖြင့် ဆင်နွှဲအနိုင်ယူခဲ့ကြသည်မှာ သမိုင်းတွင်ထင်ရှားလှသည်။ ဒုတိယ ကမ္ဘာစစ်အနိုင်အရှုံးကို အဆုံးအဖြတ်ပေးခဲ့သည့် ထိုကမ္ဘာစစ်အောင်နိုင်မှုကို ဘယ်ရုရှားလူမျိုးနှင့်မျှ ကင်း၍မရလောက်အောင် ရုရှားလူမျိုးတိုင်းက အလေးအနက်ထား ဂုဏ်ယူကြသည်။ ထိုစိတ်ဓာတ်ကို အနှစ်သာရရှိရှိဖြင့် မျိုးဆက်အဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင်သွားနိုင်ခဲ့ကြသည်ကို တွေ့ရသည်မှာ ဂုဏ်ယူအားကျဖွယ်ဖြစ်သည်။

ဤနေရာတွင် ရုရှားနှင့် မြန်မာနှစ်နိုင်ငံလုံးက ပထဝီနိုင်ငံရေးအနေအထားအရ အမျိုးသားလုံခြုံရေးကို အာရုံစိုက်၍ ကာကွယ်စောင့်ရှောက်ရန် အရေးကြီးသည်ဟု ခံယူထားကြသည်မှာ သဘာဝကျပါသည်။ ရုရှားနယ်နိမိတ်ကို အစဉ်အဆက်ကာရံပေးထားသော ယူကရိန်းကဲ့သို့သော ယခင်ဆိုဗီယက်နိုင်ငံဟောင်းများသည် ရုရှားကို အင်အားချည့်နဲ့သွားစေလိုသောနိုင်ငံများနှင့် ရုရှားနိုင်ငံအကြား အသုံးချကြားခံနိုင်ငံများ ဖြစ်လာသည်။ ဤသည်ပင် ရုရှားနိုင်ငံတည်ရှိမှု ခြိမ်းခြောက်ခံရသည့် အနေအထားသို့ ရောက်ရှိသွားခဲ့သည့်အခါ အားလုံးသိကြသည့်အတိုင်း ယခုကဲ့သို့သော ယူကရိန်းပြဿနာကြီး ဖြစ်ပေါ်လာခဲ့ရပြီး ထိုသို့ဖြစ်ပေါ်လာရခြင်းသည်ပင် နိုင်ငံငယ်များစွာအတွက် သင်ခန်းစာယူစရာတစ်ခုအဖြစ် အလေးထားသင့်ပါသည်။

အမှန်တော့ ဆိုဗီယက်ခေတ်မှ ယနေ့ရုရှားခေတ်အထိ ခေါင်းဆောင်များ၊ ပြည်သူများသည် သမိုင်း၏ အဆိုးအကောင်း၊ အနိမ့်အမြင့်ကို ကောင်းစွာခံယူ၍ ခါးသီးလှသည့် သင်ခန်းစာများကို အကောင်းဆုံး အသုံးချကာ ယနေ့ခေတ်မီ ရုရှားဖက်ဒရေးရှင်း နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိကြသည်ဟု ယူဆပါသည်။ အရေးကြီးသည်မှာ မျိုးဆက်အလိုက် လက်ဆင့်ကမ်းနိုင်ခဲ့သော မျိုးချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်များကို အခြေခံ၍ ပညာဥာဏ်အမြော်အမြင်ဖြင့် စိတ်ဓာတ်ခွန်အားများရယူနိုင်၍သာ ယနေ့ အားလုံးမြင်တွေ့နေရသည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံကို ယုံကြည်ချက်အပြည့်ဖြင့် တည်ဆောက်နိုင်ခဲ့ကြသည်ဟု မှတ်သားမိပါသည်။

နာမည်ကျော် ကဗျာဆရာတစ်ဦး၏ မှတ်ချက်တစ်ခုကို ဖတ်ရှုဖူးပါသည်။ လိုရင်းက **“ရုရှားလူမျိုးများ၏ စိတ်ဝိညာဉ်ကို နားလည်ရခက်နိုင်ပါသည်။ သို့သော် သူတို့ကို နှလုံးသားနှင့် ယုံကြည်လိုက်စမ်းပါ”** ဟူသော မှတ်ချက်အတိုင်းပင် နှလုံးသားချင်းနီးစပ်နေသမျှ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု နားလည်မှုက အစဉ်ခိုင်မာနေမည်သာ ဖြစ်သည်။ သူတို့၏ စိတ်ခံစားချက်နှင့် မျိုးချစ်စိတ်ဓာတ်၊ ထိုမှတစ်ဆင့် နိုင်ငံတော်အပေါ်ခံယူပုံနှင့် တည်ဆောက်မှုစွမ်းရည်များကို မိမိနိုင်ငံတော်အတွက် သင်ခန်းစာယူကာ အကောင်းဆုံးအသုံးချခြင်းဖြင့် နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများအကြား ကာလရှည်မဟာမိတ်များအဖြစ် အစဉ်ထာဝရချစ်ကြည်ရင်းနှီးခိုင်မာမှုကို ရယူရမည်သာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် စမ်းသပ်အသုံးပြုခြင်းနှင့် Excel Data Migration ပြုလုပ်ခြင်း သင်တန်းဖွင့်ပွဲကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၅**

လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System-SMIS) စမ်းသပ်အသုံးပြုခြင်းနှင့် Excel Data Migration ပြုလုပ်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်တွင် ပါဝင်သည့် အဓိကလုပ်ငန်းစဉ်များအနက် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT) လူမှုရေး ပင်စင်အစီအစဉ်နှင့် လူမှုဖြစ်ရပ်စီမံခန့်ခွဲခြင်း အစီအစဉ်တို့ကို SMIS Platform တစ်ခုတည်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်သတင်းနည်းပညာဌာန၏ နည်းပညာအကူအညီဖြင့် ရေးဆွဲခဲ့ရာ ယခုဆိုလျှင် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (SMIS) အကောင်အထည်ပေါ်အောင်မြင်ခဲ့ပြီ ဖြစ်ပါကြောင်း။

Social Pension အစီအစဉ်နှင့် MCCT အစီအစဉ်တို့တွင် လက်ရှိအကျိုးခံစားလျက်ရှိသည့် အကျိုးခံစားခွင့်ရှိသူ စာရင်းများအား SMIS စနစ်အတွင်းသို့ Data Migration ပြုလုပ်ဆောင်ရွက်နိုင်ရန်နှင့် SMIS စနစ်အား စမ်းသပ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းကို ယခုလအတွင်း ပထမအကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ Social Pension အစီအစဉ်၏ Data Migration သင်တန်းပို့ချရန် ကျန်ရှိသည့် မြို့နယ်ပေါင်း ၂၀၀ ကျော်ရှိ သင်တန်းသားများနှင့် ယခုကဲ့သို့ ဒုတိယအကြိမ် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း နည်းပြပညာရှင်များ၏ သင်ကြားပြသပေးမှုများအား အထူးဂရုပြု အလေးအနက်ထားပြီး လိုက်နာသင်ယူသွားကြရန် အရေးကြီးပါကြောင်း၊ SMIS Software နှင့် ဆောင်ရွက်ခြင်းဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပြည်သူသို့ ဝန်ဆောင်မှုပေးသောလုပ်ငန်းများ ပိုမိုကောင်းမွန်ထိရောက်လာစေခြင်းနှင့် သတင်းအချက်အလက်များ ပိုမိုလုံခြုံစိတ်ချရခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်သတင်းနည်းပညာဌာနမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်၍ ဘင်းမ်စတက်နိုင်ငံများတွင် စားနပ်ရိက္ခာဖူလုံမှုရှိစေရေးနှင့် စားနပ်ရိက္ခာစနစ် ရေရှည်တည်တံ့စေရေးဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၅**

တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ ပါဝင်ဖွဲ့စည်းထားသည့် ဘင်္ဂလားပင်လယ်အော်ဒေသ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC) ဘင်းမ်စတက်နိုင်ငံများတွင် စားနပ်ရိက္ခာ ဖူလုံမှုရှိစေရေးနှင့် စားနပ်ရိက္ခာစနစ် ရေရှည်တည်တံ့စေရေးဆိုင်ရာ ဒေသတွင်း ဆွေးနွေးပွဲ ("Regional Seminar on Food Security and Sustainable Food Systems in BIMSTEC") ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်၍ ယနေ့ နံနက် ၉ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ယာပုံ)**

ဆွေးနွေးပွဲသို့ ဘင်းမ်စတက် အထွေထွေအတွင်းရေးမှူးချုပ် Mr.Tenzil Lekphell နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံ စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် ဘင်းမ်စတက် အထွေထွေ အတွင်းရေးမှူးချုပ် Mr.Tenzil Lekphell နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများအပေါ် ကြံ့ကြံ့ခံကျော်လွှားပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုနိုင်ခဲ့ပါကြောင်း၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုသာမက စားနပ်ရိက္ခာဖူလုံမှုနှင့် ဆက်စပ်လျက်ရှိသည့် အာဟာရချို့တဲ့မှု၊ နာတာရှည်ရောဂါ၊ ဆင်းရဲနွမ်းပါးမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတု ပြောင်းလဲမှုစသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာရပ်များ လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများအား တုံ့ပြန်နိုင်မှုရှိသည့် မူဝါဒပိုင်းဆိုင်ရာနှင့် စီမံကိန်းများကို အဓိကထားဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ လွတ်လပ်သော ကုန်သွယ်မှုကို ဖော်ဆောင်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဖော်ဆောင်ရန် လိုအပ်ပါကြောင်း၊ လွတ်လပ်သော ကုန်သွယ်မှုမှ တောင်သူလယ်သမားများ အကျိုးအမြတ်ရရှိစေရန် နိုင်ငံအသီးသီးရှိ အစိုးရများအနေဖြင့် အခြေခံအဆောက်အဦများ၊ သုတေသနလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်း၊ ဈေးကွက်သေချာမှု ရှိစေရေးအတွက် ကြားဝင် ဆောင်ရွက်ပေးခြင်း၊ ရာသီဥတု ပြောင်းလဲမှုအပေါ် ကြံ့ကြံ့ခံနိုင်ရေးအတွက် ကူညီထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒုတိယအကြိမ် ဘင်းမ်စတက် ဝန်ကြီးအဆင့် အစည်းအဝေး၌ အတည်ပြုခဲ့သော ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာစေရေးလုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇) တွင် ပါရှိသည့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များအနက် "စားနပ်ရိက္ခာ ဖူလုံရေးနှင့် အာဟာရဖူလုံမှု ဖွံ့ဖြိုးတိုးတက်ရေး" အတွက် ဘင်းမ်စတက် ဒေသတွင်းရှိ တောင်သူများ၏ ထုတ်လုပ်မှုစွမ်းအား တိုးမြင့်လာစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘင်းမ်စတက် အထွေထွေ အတွင်းရေးမှူးချုပ် Mr.Tenzil Lekphell က အဖွဲ့ဝင်နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန်အတွက် ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် တွေ့ဆုံခဲ့ပြီး ဘင်းမ်စတက် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန် လုပ်ငန်းအစီအစဉ်ကို ချမှတ်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်း အစီအစဉ်တွင် စားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာလုံခြုံမှုရှိစေရေး၊ ကျေးလက်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်ရည်ရှိစေရေး ရည်ရွယ်ချက်ဖြင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ငါးခုတွင် လုပ်ငန်းအစီအစဉ် ၁၇ ခုကို ဖော်ပြထားပါကြောင်း၊ ယနေ့ ကျင်းပသော ဆွေးနွေးပွဲသည် ဤလုပ်ငန်း အစီအစဉ်အသစ်အရ အကောင်အထည်ဖော်လျက်ရှိသော ပထမဆုံးလုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ပြီး လုပ်ငန်းအစီအစဉ် (Plan of Action) ကို စတင်အကောင်အထည်ဖော်ခဲ့သည့် မြန်မာနိုင်ငံအား ထပ်မံချီးကျူးလိုပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲသည် ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာချိန်တွင် ကျင်းပခြင်းဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများရှိ တက်ရောက်လာသူများက အမြင်ချင်းဖလှယ်ခြင်း၊ ကျွမ်းကျင်မှုနှင့် သတင်းအချက်အလက်များကို မျှဝေကြပြီး ဘင်းမ်စတက်ဒေသရှိ စားနပ်ရိက္ခာဖူလုံမှုနှင့် ရေရှည်တည်တံ့သော စားနပ်ရိက္ခာစနစ်ဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် မူဝါဒဆိုင်ရာ အကြံပြုချက်များကို ဆွေးနွေးနိုင်မည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် ဘင်းမ်စတက်နိုင်ငံများရှိ ထိခိုက်လွယ်သော၊ ရုတ်တရက် ဖြစ်ပေါ်လာသော အကြောင်းအရာများနှင့် ဖိအားများအပေါ် ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် စားနပ်ရိက္ခာစနစ်များ တည်ထောင်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအသီးသီးရှိ စားနပ်ရိက္ခာဖူလုံမှု တိုးမြင့်စေရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သင့်သော လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြပြီး ဘင်းမ်စတက်ဒေသ တစ်ခုလုံး စားနပ်ရိက္ခာ ဖူလုံမှုရှိစေရေးနှင့် စားနပ်ရိက္ခာ စနစ်ရေရှည်တည်တံ့စေရေးဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲမင်္ဂလာအခမ်းအနား၊ အထူးတံတားနှင့် အထူးမုခ်ဦးဖွင့်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် မန်းရွှေစက်တော်ရာ ဘုရား ပါဒစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ မင်္ဂလာ အခမ်းအနား၊ အထူးတံတားနှင့် အထူးမုခ်ဦးဖွင့်လှစ်ခြင်း မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မင်းဘူးမြို့ အမှတ်(၂)ရပ်ကွက် မဟာဝိသုတာရာမ တိုက်သစ် ပဓာနနာယက၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တညာဏိက အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြည်ညို ကြသည်။

ဦးစွာ အထူးတံတားနှင့် မုခ်ဦး ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ အဆိုပါတံတားကို မန်းရွှေစက် တော်ရာဘုရားပွဲ ကျင်းပပြုလုပ်



သည့်ကာလအတွင်း တည် ဆောက်မည့် မန်းချောင်းကူး ယာယီဝါးတံတားအစား ဘုရားဖူး ပြည်သူများ စိတ်အေးချမ်းသာ ပိုမိုအဆင်ပြေလွယ်ကူစွာ သွားလာ နိုင်ရေးအတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လမ်းညွှန်မှာကြား ချက်အရ တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး တံတားအရှည်ပေ ၁၀၀၊ အကျယ် ၁၄ ပေ ရှိကြောင်းနှင့် တံတား၏ခံနိုင်ဝန်မှာ ၁၃ တန် ဖြစ်ကြောင်း သိရှိရသည်။ ထို့ အပြင် ချောင်းရေထိန်းသိမ်းရန် အတွက် ရေထိန်းနံရံ ရေတား တစ်ခုကိုလည်း ထည့်သွင်း ဆောက်လုပ်ခဲ့ကြောင်း သိရှိရ သည်။

ထို့နောက် ဗုဒ္ဓပူဇနီယပွဲတော် အထူးမုခ်ဦးကို မဟာဝိသုတာ ရာမတိုက်သစ် ပဓာနနာယက ဆရာတော်ဘုရားကြီးနှင့် တိုင်း ဒေသကြီး ဝန်ကြီးချုပ်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဇီဝိတဒါန ငှက် လွှတ်ခြင်း၊ အထူးတံတားပေါ်မှ ဇီဝိတဒါန ငါးလွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် မန်းရွှေစက်တော် အောက်ခြေတော်ရာ ပါဒစေတီ တော် အလင်းပေါက်ဖန် အုပ် သျှောင်တော် ဖွင့်လှစ်ခြင်း၊ ရွှေ သင်္ကန်းကပ်လှူခြင်းနှင့် ဗုဒ္ဓါ ဘိသေကအနေကဇာတင် ပူဇော် ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဆက်လက် ကျင်းပပြုလုပ်ရာ သံဃာတော်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အလင်းပေါက်ဖန် အုပ်သျှောင် တော်အား စက်ခလုတ်နှိပ်ဖွင့်လှစ် ကြသည်။ ဆက်လက်၍ သံဃာ တော်အရှင်သူမြတ်တို့က မန်းရွှေ စက်တော် အောက်ခြေတော်ရာ ပါဒစေတီတော်မြတ်အား ဗုဒ္ဓါ ဘိသေက အနေကဇာတင်တော် မူပြီး ဗုဒ္ဓပါဒခြေတော်ရာအား နမ္မဒါရေစင်ဖြင့် သွန်းဖျန်း၍ ရွှေသင်္ကန်းများ ဆက်ကပ်ပူဇော် ကြသည်။ (ဝဲပုံ) ထို့နောက် ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်းပြီး အခမ်း အနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် အထက်စက် တော်ရာ ပါဒစေတီတော် ဗုဒ္ဓါ ဘိသေက အနေကဇာတင် မဟာ မင်္ဂလာအခမ်းအနားကို ကျင်းပ ပြုလုပ်ရာ ဆရာတော် အရှင် သူမြတ်များနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက နမော တဿသုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး တောင်တွင်းကြီးမြို့ ငှက်ပစ်တောင်ကျောင်း ပဓာန နာယက မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော် ဆောင်ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဓမာနိတ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အထက်စက်တော် ရာ ပါဒစေတီတော်မြတ်ကြီးကို ဖွင့်လှစ်၍ နမ္မဒါရေစင်ဖြင့် သွန်းဖျန်းကာ ရွှေသင်္ကန်းတော် များ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်များက အထက် စက်တော်ရာ ပါဒစေတီတော် မြတ်အား ဗုဒ္ဓါဘိသေကအနေက ဇာတင်တော်မူပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် သုံးထပ်သာသနာ့ ဗိမာန်တွင် မန်းရွှေစက်တော်ရာ ဘုရား ပါဒစေတီတော် နှစ်ဆူ ဖွင့်လှစ်ပူဇော်ပွဲ အောင်မြင်ခြင်း အတွက် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် ဆည်းပူးခြင်းနှင့် လှူဒါန်း မှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်း အခမ်းအနား ကျင်းပ၍ သံဃာတော် အရှင် သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိ သူများသည် မင်းဘူး သစ်ထုတ် ရေးဒေသ၊ ရွှေစက်တော်မန်း ချောင်း ဆင်စခန်း လေးနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ သွားရောက်၍ ဆင်သရုပ်ပြ (Elephant Show) အစီအစဉ်များကို ကြည့်ရှုအားပေးကာ ဆင်များအား အစားအစာများ ကျွေးမွေးခဲ့ကြ သည်။

အဆိုပါ မန်းရွှေစက်တော်ရာ ဘုရားပါဒစေတီတော် ဗုဒ္ဓပူဇနီယ ပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ဧပြီ ၁၇ ရက်အထိ ၈၃ ရက် တိုင်တိုင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၈)ကြိမ်မြောက် မိုင်းဆတ်ခရိုင်နှင့် မိုင်းတုံခရိုင် လားဟူတိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) (၂၈) ကြိမ်မြောက် မိုင်းဆတ်ခရိုင်နှင့် မိုင်းတုံခရိုင် လားဟူတိုင်းရင်းသား စုပေါင်း နှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ် မြို့ ဝိန်းဝိုင်ရပ်ကွက်ရှိ လားဟူ စာပေနှင့် ယဉ်ကျေးမှုကွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန် ရှိသူများက (၂၈) ကြိမ်မြောက် မိုင်းဆတ်ခရိုင်နှင့် မိုင်းတုံခရိုင် လားဟူတိုင်းရင်းသား စုပေါင်း နှစ်သစ်ကူးပွဲတော်အား ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နှစ်သစ်ကူး အဖွင့်အမှာစကား ပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လားဟူ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေး မှုအဖွဲ့အား ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး သဘာပတိအဖွဲ့ဝင် လားဟူ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယက သိက္ခာ တော်ရဆရာတော် ဦးကျရှော်က နှစ်သစ်ကူး ကြိုဆိုအဖွင့်အမှာ စကားပြောကြားသည်။



ထို့နောက် ၂၀၂၁-၂၀၂၂ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ၅၇ ဦးအား တာဝန်ရှိသူတစ်ဦး က ဂုဏ်ပြုဆုများပေးအပ်ရာ ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသူတစ်ဦးက လက်ခံရယူပြီး လားဟူရိုးရာ လက်ဆေးမင်္ဂလာခံယူခြင်း ဆက် လက်ကျင်းပသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် တက်ရောက်လာကြသူများက လားဟူ၊ ရှမ်း၊ ဝ၊ အာခါ၊ လီဆူး တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအဖွဲ့များ၏ ကပြဖျော်ဖြေမှု များကို ကြည့်ရှုအားပေးပြီး လားဟူတိုင်းရင်းသား ယဉ်ကျေးမှု ပြခန်းအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မူဆယ်နယ်စပ်ဂိတ်များ၌ နယ်စပ်သွားလာခွင့်လက်မှတ်စာအုပ်များ ဆောင်ရွက်ပေး



**မူဆယ် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ နယ်စပ်ဂိတ်များ စတင် ဖွင့်လှစ်ပြီဖြစ်၍ တရုတ်နိုင်ငံသို့ ဝင်/ထွက်သွားလာနိုင်ရေးအတွက် နယ်စပ်သွားလာခွင့်လက်မှတ် (Border Pass–BP) စာအုပ်များကို နန်းတော်ဂိတ်တွင် ယနေ့နံနက် ၈ နာရီခွဲမှ စတင်၍ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

အဆိုပါ နယ်စပ်သွားလာခွင့်လက်မှတ်စာအုပ်များ ပြုလုပ် ဆောင်ရွက်ပေးခြင်းတွင် မူဆယ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက စိစစ်ဆောင်ရွက်ပေး လျက်ရှိပြီး မူဆယ်မြို့နှင့် နမ့်ခမ်းမြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေ စာရင်းဖြင့် နေထိုင်သူများသာ စတင်လုပ်ဆောင်ပေးလျက်ရှိရာ လျှောက်ထားသူကိုယ်တိုင် လာရောက်လျှောက်ထားရမည်ဖြစ်သည်။

ယင်းနောက် တရုတ်နိုင်ငံသို့ ဝင်/ထွက်သွားလာမည့်သူများ အနေဖြင့် မြန်မာ–တရုတ်နယ်စပ်သွားလာခွင့် လက်မှတ် (BP) စာအုပ်အပြင် မိမိကိုင်ဆောင်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ပူးတွဲ ကိုင်ဆောင်၍ ဖြတ်သန်းသွားလာရမည်ဖြစ်ပြီး ပြန်လည်ဝင်ရောက်လာ ပါက မည်သည့်စစ်ဆေးရေးဂိတ်မှမဆို ပြန်လည် ဝင်ရောက်ခွင့်ရှိသည်။ ယင်းအပြင် မြန်မာ–တရုတ် နှစ်နိုင်ငံလူအဝင်အထွက်ဂိတ်များဖြစ်သော နန်းတော်ဂိတ်နှင့် ဆင်ဖြူဂိတ်များကို ယနေ့နံနက် ၆ နာရီတွင် စတင် ဖွင့်လှစ်ခဲ့ပြီး သွင်းကုန်ထုတ်ကုန်စီးဆင်းမှုအတွက် ကုန်ကားများ ဝင်ရောက်ရန် မန့်ဝင်းဂိတ်ကို ပြီးခဲ့သည့် ဇန်နဝါရီ ၁၄ ရက်က ဖွင့်လှစ် ခဲ့ကြောင်း သိရသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် တာဝန်ရှိသူများသည် ဆင်ဖြူဂိတ်၊ မန့်ဝင်းဂိတ်နှင့် နန်းတော်ဂိတ် စသည့်နယ်စပ်ဂိတ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် သန့်ရှင်းရေးဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးတွင် တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်များမှ စည်ပင်သာယာရေးဝန်ထမ်းများက ဘုရားဖူးပြည်သူများ စိတ်ချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်အင်္ဂါထောင့်မှစတင်၍ စေတီတော်ရင်ပြင်ပရိဝုဏ်အတွင်း လက်ယာရစ်လှည့်လည်ကုသိုလ်ယူ အမှိုက်လှည်းခြင်း၊ ဆီမီးခုံများ၊ တန်ဆောင်းများနှင့် ဘုရားစေတီများအတွင်း ကုသိုလ်ယူသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ကုန်းတော်ပေါ်ရှိ ဗုဒ္ဓအမွေအနှစ်များကို ရေရှည်တည်တံ့ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်ရန် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**




# နေလမဏ္ဍိုင်စကြာရှင် စေတီတော်မြတ်ကြီးအား ထုံးသင်္ကန်းများ ကပ်လှူပူဇော်

**ဇမ္ဗူသီရိ ဇန်နဝါရီ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် သာယာကုန်းကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော နေလမဏ္ဍိုင်စကြာရှင် စေတီတော်မြတ်ကြီးအား ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ယနေ့ မွန်းလွဲပိုင်းက ထုံးသင်္ကန်းများ ကပ်လှူပူဇော်ခဲ့သည်။



အဆိုပါ ကပ်လှူပူဇော်ပွဲတွင် ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးထွန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်ဖြိုးအောင်၊ အဖွဲ့ဝင် (၂) ဦးကျော်အောင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ကျောင်းဝင်းအတွင်း သန့်ရှင်းရေးများ ဆောင်ရွက်ခြင်း၊ စေတီတော်အား ထုံးသင်္ကန်းများ ကပ်လှူပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ထုံးသင်္ကန်းများကပ်လှူခြင်းနှင့် စုပေါင်းသန့်ရှင်းရေးများပြုလုပ်

**လွိုင်ကော် ဇန်နဝါရီ ၂၅**

ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အတွင်းရှိ ဘုရားစေတီပုထိုးများအား ထုံးသင်္ကန်းများ ကပ်လှူပူဇော်ခြင်းနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်ကွဲစေတီတော်ရှိ စေတီပုထိုးများနှင့် သာသနာ ၂၅၀၀ အထိမ်းအမှတ် စေတီတော်၌ ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ ဂေါပကအဖွဲ့များနှင့် မြို့မိ မြို့ဖများက စေတီတော်များအား ထုံးသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် စေတီပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြသည်။

အလားတူပင် ပြည်နယ်အတွင်းရှိ ဘောလခဲမြို့၊ ဖားဆောင်းမြို့နှင့် မယ်စဲ့မြို့နယ်များရှိ ဘုရားစေတီပုထိုးများအား ထုံးသင်္ကန်းများ ကပ်လှူပူဇော်ခြင်းနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦပရိဝုဏ်အတွင်းတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များက ပူးပေါင်း၍ ကုသိုလ်ပြု ဆောင်ရွက်ကြကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**



# "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" မှ "မင်းကုသနှင့်ပပဝတီ" ဇာတ်တော် အပိုင်း(၂) ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များ အကြောင်း သိရှိနားလည်ပြီး အသိပညာ ဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာဇာတ်သဘင် မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။




အဆိုပါ အစီအစဉ်မှ "မင်းကုသနှင့် ပပဝတီ" ဇာတ်တော် အပိုင်း (၂) ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု ပဲပုပ်စိန်၊ နန်းခင်မွေး၊ ဘဲဥမ၊ ဆန်းနေအောင်၊ ပေါက်ကျော်တို့နှင့်အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဇန်နဝါရီ ၂၈ ရက် (စနေနေ့)ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စဉ့်ကူးနယ်မြေရှိ ရှစ်မျက်နှာဆုတောင်းပြည့်ဘုရားကြီးအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ညောင်ဦး ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဉ့်ကူးနယ်မြေ ထက်ယာကုန်းကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသော ရှစ်မျက်နှာဆုတောင်းပြည့် ဘုရားကြီးတွင် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက စဉ့်ကူးနယ်မြေ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်သူ့အကျိုးပြု စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ကူညီ ဆောင်ရွက်ပေးရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများက ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းပြီး ထက်ယာကုန်းကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသော ရှစ်မျက်နှာဆုတောင်းပြည့်ဘုရားကြီးအား ရေခဲတော်ဖွင့်ရေသပ္ပာယ်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဘုရားပရိဝုဏ်အတွင်းအပြင်ရှိ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက်သလ္လံစေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား ကြည့်ရှုအားပေး

**မော်လမြိုင် ဇန်နဝါရီ ၂၅**

မွန်ပြည်နယ်အတွင်း မြို့နယ်အသီးသီးတွင်ရှိသည့် ဘုရား၊ စေတီပုထိုးများကို ဘုရားဖူးပြည်သူများ ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်နိုင်ရေးအတွက် ရောင်တော်ဖွင့်ခြင်း၊ ထုံးသင်္ကန်းကပ်လှူ ပူဇော်ခြင်း၊ ပန်းဆီမီးကပ်လှူခြင်း၊ ရင်ပြင်တော်နှင့် စောင်းတန်းတို့တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်ပူဇော်ကြပြီး စေတီတော်မြတ်ကြီးတန်ဆောင်းတော်များရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ရောင်တော်ဖွင့်ခြင်း၊ စေတီမြတ်ကြီးရင်ပြင်တော်ပေါ်တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အများပြည်သူများက ကုသိုလ်ယူဆောင်ရွက်နေကြမှုအပေါ် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိမြို့နယ်များမှ ဘုရားစေတီများသို့ ဘုရားဖူးလာရောက်ကြမည့် ရဟန်းသံဃာတော်များ၊ အများပြည်သူများ စိတ်အေးချမ်းသာစွာ တရားဘာဝနာပွားများ၍ ဖူးမြော်ကြည်ညိုနိုင်စေရန်နှင့် ဘုရားစေတီပုထိုးတော်များ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်အတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးလုပ်ငန်းများ ကုသိုလ်ပြု စုပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်မြတ်ကြီး၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၂ မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၁၀မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နန်းတော်ဦးလောက မာရဇိန်စေတီမြတ်ကြီး၌ လည်းကောင်း ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ဘုရား၊ စေတီများနှင့် ရုပ်ပွားတော်များအား ရောင်တော်ဖွင့်ပေးခြင်း၊ ထုံးသင်္ကန်းများ ဆက်ကပ်ခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြုဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပုဗ္ဗသီရိမြို့နယ် ကိုးတောင်ပြည့် ပြည်တော်ဝင်စေတီတော်၌ သန့်ရှင်းရေးဆောင်ရွက်ပြီး ထုံးသင်္ကန်းကပ်လှူပူဇော်စဉ်။



ချင်းပြည်နယ် ဟားခါးမြို့ရှိ ဘုရားစေတီများကို ပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်စေရန် ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး ဇန်နဝါရီ ၂၅ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)



ကချင်ပြည်နယ် ပူတာအိုမြို့ ဟိုခိုရပ်ကွက်တွင် တည်ထားကိုးကွယ်သော နှိုင်ဟန်ဝိန်းစေတီတော်ဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဇန်နဝါရီ ၂၅ ရက် နံနက် ၇ နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။
ဖုန်ကန်(ပူတာအို)

# မန္တလေးနည်းပညာတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ

မန္တလေး ဇန်နဝါရီ ၂၅

**မန္တလေးနည်းပညာတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ် မူလပင်မဆောင် စုဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အတူတကွ နံနက်စာ စားသုံးကြပြီးနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက်ထဲမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏မူဝါဒနှင့်အညီ အနီးကပ်ကြီးကြပ် ဆောင်ရွက်နေကြောင်း၊ တက္ကသိုလ်မှ သင်ကြားပေးသော ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူပြီး တက္ကသိုလ်၏ရည်မှန်းချက်များကို အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ မှန်ကန်သော ခေတ်အမြင်၊ ခေတ်အတွေးများဖြင့် ပညာရပ်များ၊ ဗဟုသုတများကို လေ့လာရှာဖွေ စုဆောင်းကာ သုတေသီကောင်းများဖြစ်အောင် လေ့ကျင့်ကြိုးစားကြရမည်ဖြစ်ကြောင်း၊ အသိပညာကို အခြေခံပြီး လက်တွေ့နယ်ပယ်တွင် အတတ်ပညာရှင်များအဖြစ် အများအကျိုးကို ဖော်ဆောင်ပေးနိုင်သူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်ထွေးက မန္တလေးနည်းပညာတက္ကသိုလ်အတွက် ငွေကျပ် ၁၁၅ သိန်းရှိ အလှူငွေများနှင့် စာအုပ်စာတမ်းများ၊ ပရိဘောဂများကို လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာ အကများ၊ တေးသီချင်းတီးခတ်မှုနှင့်




သရုပ်ဖော်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကပြဖျော်ဖြေခဲ့သော ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ **(အပေါ်ပုံ)**နှင့် အားကစားစွမ်းရည် တိုးတက်ရေးအတွက် အားကစားပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ သာယာဝတီ မင်းတြားကြီး တည်ထားကိုးကွယ်ခဲ့သည့် နှစ်ပေါင်း ၁၈၀ ကျော် သမိုင်းဝင် လောကမဏိစူဠာစေတီတော်ကြီး ဘုရားပရိဝုဏ်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် ထုံးသင်္ကန်းဆက်ကပ်နေမှုများကို လိုက်လံကြည့်ရှုကာ ဘုရားဖူးများ စိတ်ချမ်းမြေ့စွာဖူးမြော်ရေး၊ အမြဲသန့်ရှင်းသပ်ရပ်ရေးတို့ကို အလေးထားဆောင်ရွက်ရန်ရေးနှင့် ရေ၊ မြေ၊ သဘာဝနှင့်ကိုက်ညီသည့် အရိပ်ရအပင်များ စိုက်ပျိုးကာ ရှင်သန်ထိန်းသိမ်းရေးတို့ကို တာဝန်ရှိသူများကို မှာကြားပြီးနောက် စေတီတော်များအား ထုံးသင်္ကန်း ကပ်လှူပူဇော်ကာ အလှူငွေကျပ် ငါးသိန်း လှူဒါန်းသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဖါ့ကပင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါဆွေးနွေးပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်၍ အဂတိလိုက်စားမှုများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဟန့်အတားဖြစ်စေခြင်း၊ ဆင်းရဲချမ်းသာ ကွာဟမှုများခြင်းနှင့် ပြည်သူလူထု၏ ယုံကြည်မှု လျော့ကျစေခြင်းတို့ကြောင့် နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုအားလုံးကိုပါ ယိုယွင်းပျက်စီးစေကြောင်း၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူမှု/တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်တစ်ခုကို အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့်သာ အကောင်အထည်ဖော် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးသန်းဆွေက အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူခြင်းထက် များစွာပိုမိုကျယ်ဝန်းကြောင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ ယူခြင်းသာမက လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ မလျော်ဩဇာသုံးခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ ဆရာမွေး တပည့်မွေးခြင်း၊ ဆွေမျိုးကောင်းစားရေး အပေါင်းအဖော် ကောင်းစားရေးဝါဒ ကျင့်သုံးဘက်လိုက်ခြင်း၊ ငွေကြေးခဝါချခြင်း၊ တရားမဝင်ကြီးပွားချမ်းသာ ကြွယ်ဝအောင် ဆောင်ရွက်ခြင်းတို့ဖြစ်ပြီး ကမ္ဘာပေါ်တွင်ဖြစ်ပေါ်နေသည့် ပဋိပက္ခများ၏ အရင်းခံအကြောင်းဖြစ်ကြောင်း။

ကော်မရှင်က ချမှတ်ထားသည့် မဟာဗျူဟာ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိက လုပ်ငန်းစဉ် (၃)ရပ်မှာ အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူခြင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းတို့ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ၃၈ဖွဲ့၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ (၁၄)ဖွဲ့ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ CPU များ ဖွဲ့စည်းသည့် ရည်ရွယ်ချက်မှာ အသေးစား အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရန်နှင့် နိုင်ငံသူ နိုင်ငံသားများ၏ လိုအပ်ချက်များကို ဝန်ဆောင်မှုပေးရာ၌ ပြည့်စုံကောင်းမွန်စေရန် အဓိကဖြစ်ကြောင်း၊ အကြီးစားအဂတိလိုက်စားမှုများ (Grand Corruption)သည် နိုင်ငံရေးဩဇာအာဏာရှိသူများနှင့် လုပ်ပိုင်ခွင့်ရှိသူ အရာရှိကြီးများတွင် လည်းကောင်း၊ အသေးစား အဂတိလိုက်စားမှု (Petty Corruption) များသည် ပြည်သူလူထုကို ဝန်ဆောင်မှုပေးရာတွင် ထိတွေ့ဆောင်ရွက်ကြရသည့် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများတွင် လည်းကောင်း ဖြစ်လေ့ဖြစ်ထရှိကြောင်း။

ဝန်ဆောင်မှုရယူသည့်ပြည်သူလူထု အရေအတွက်မှာ အလွန်ကြီးမားသည့် ပမာဏဖြစ်၍ ဖြစ်ရိုးဖြစ်စဉ်စနစ် (Systemic Corruption) တစ်ခုကဲ့သို့ ဖြစ်လာသည့်အခါ နိုင်ငံတော်အုပ်ချုပ်မှု ယန္တရားကို ထိခိုက်ပျက်စီးပြီး ဆိုးရွားသည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သဖြင့် ဝိုင်းဝန်းတားဆီးကာကွယ်ရန် အထူးလိုအပ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများ၌ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ရေးဆွဲရာတွင် အခြေခံသင့်သည့် အချက်များကိုလည်း ကော်မရှင်၏ ကြေညာချက် အမှတ် (၁၄/၂၀၁၈) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်သည် အစိုးရဌာန အဖွဲ့အစည်းများအပြင် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များနှင့် အများပြည်သူများ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းဆွေးနွေးပွဲသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက ပြည်နယ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ဝင်များကို ဇန်နဝါရီ ၂၆ ရက်တွင် ဆက်လက်ဆွေးနွေး ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်ကော်မရှင်ကဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်းတွင်လည်း မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကော်မရှင်မှ ထုတ်ဝေဖြန့်ချိခဲ့သည့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်ဖိုမြို့နယ် ကျောင်းစုကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းတည်ဆောက်ပြီးစီး

**အုတ်ဖို ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငါးရှဥ့်ရိုးကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ၄၀၀ ဗို့ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျောင်းစုကျေးရွာဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၉ ဒသမ ၉၅ သန်း ၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၄၆၆ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၂၁ ဒသမ ၄၁၆ သန်း ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ တတိယပတ်မှ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားလိုင်းတည်ဆောက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ထောင်စု ၈၅ စု ၊ လူဦးရေ ၃၀၀ အကျိုးပြုလျက်ရှိပြီး ကျေးလက်နေပြည်သူများ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာတော့မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# ဂျပန်နိုင်ငံ ဒေသအများအပြားတွင် ဆီးနှင်းများထူထပ်စွာကျဆင်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် လေကြောင်းလိုင်းရာချီဖျက်သိမ်း

**တိုကျို ဇန်နဝါရီ ၂၅**

ဂျပန်နိုင်ငံဒေသအများအပြားတွင် ဇန်နဝါရီ ၂၅ ရက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းပြီး လေပြင်းတိုက်ခတ်မှုများ ဆက်လက် ဖြစ်ပွားလျက်ရှိသောကြောင့် သယ်ယူပို့ဆောင်ရေးစနစ်များကို အနှောင့်အယှက်၊ အဟန့်အတားများ ဖြစ်စေခဲ့သည်။

ဂျပန်နိုင်ငံတစ်ဝန်း ဆယ်စုနှစ်အတွင်း အအေးဆုံး လေစိုင်ဆုံများ တိုက်ခတ်လျက်ရှိရာ အဓိကရထားလိုင်းများ ရပ်တန့်ထားရသည်။ ယာမာဂါတာ ရှင်ကန်ဆန် ရထားလမ်းတစ်လျှောက်ရှိ တချို့ဘူတာရုံများကို ရပ်နားထားရသလို တိုဟိုကူ ရှင်ကန်ဆန်ရထားလိုင်း တစ်စိတ်တစ်ပိုင်းကိုလည်း ရပ်ဆိုင်းထားသည်။

ဆီးနှင်းများ ထူထပ်စွာကျဆင်းပြီး အေးခဲနေသည့် အခြေအနေများကြောင့် တိုကိုင်းဒိုနှင့် ဆန်ညို ရှင်ကန်ဆန်ရထားလိုင်းတွင်လည်း နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားလျက်ရှိသည်။

တိုဟိုကူမှ ကျူရှူဒေသသို့သွားသည့် တချို့အရေးကြီးသည့်အမြန် လမ်းပိုင်းကိုလည်း ပိတ်ထားရသည်။ ဆီးနှင်းများဖယ်ရှားရန် နိုင်ငံ့အဓိကလမ်းမကြီးများကိုလည်း ပိတ်ထားရကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောသည်။

ထို့အတူ ဂျပန်လေကြောင်းလိုင်းနှင့် နိပွန်လေကြောင်းလိုင်းများသည်လည်း ၎င်းတို့၏ ရာနှင့် ချီသည့် လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။

ဂျပန်မိုးလေဝသဌာနက နိုင်ငံ၏အချို့ဒေသများတွင် ဆယ်စုနှစ်အတွင်း အပူချိန်အနိမ့်ဆုံး အဆင့်အထိ ကျဆင်းမည့်အကြောင်း ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**



ဂျပန်နိုင်ငံ ဖူကူအီမြို့၌ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနေသည်ကို တွေ့ရစဉ်။

## လက်ဘနွန်နိုင်ငံတွင် ရင်ချင်းဆက်အမြွှာမိန်းကလေးနှစ်ဦးကို ပထမဆုံးအောင်မြင်စွာ ခွဲစိတ်

**ဘေရွတ် ဇန်နဝါရီ ၂၅**

လက်ဘနွန်နိုင်ငံ ဘေရွတ်အမေရိကန် တက္ကသိုလ်ဆေးရုံ၌ ရင်ချင်းဆက်အမြွှာမိန်းကလေးနှစ်ဦးကို အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ကြောင်း နိုင်ငံပိုင် အမျိုးသားသတင်းဌာနက ဇန်နဝါရီ ၂၄ ရက်က ဖော်ပြလိုက်သည်။

လက်ဘနွန်နိုင်ငံတွင် ယခုကဲ့သို့သော ရင်ချင်းဆက်အမြွှာမျိုးကို ပထမဆုံး ခွဲစိတ်ခဲ့ခြင်းဖြစ်ကြောင်း ယာယီကျန်းမာရေးဝန်ကြီး ဖီရက်စ်အဘီရက်က တက္ကသိုလ်ဆေးရုံ၌ ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ထို့နောက် အောင်မြင်ခဲ့သည့် ခွဲစိတ်မှုအကြောင်းကိုလည်း ၎င်းက အသေးစိတ် ဖော်ပြခဲ့သည်။

ရင်ချင်းဆက်အမြွှာ ကိုယ်ဝန်လွယ်ထားရကြောင်း ခာတ်မှန်အဖြေရပြီးနောက် လွန်ခဲ့သည့်ခြောက်လကတည်းက အမြွှာပူးမိဘများက မိမိကို ဆက်သွယ် အကူအညီတောင်းခဲ့ကြောင်း အဘီရက်က ပြောကြားခဲ့သည်။

ထို့နောက် မိမိက ဘေရွတ်အမေရိကန် တက္ကသိုလ်ဆေးရုံသို့ ဆက်သွယ်ပေးခဲ့ရာ ဆေးရုံက လက်ရှိဖြစ်ပွားနေသော စီးပွားရေးအကျပ်အတည်းများကြား ၎င်းအမြွှာကို ခွဲစိတ်ပေးရန် သဘောတူခဲ့သည်ဟု အဘီရက်ကပြောသည်။

လက်ဘနွန်နိုင်ငံတွင် ဆေးရုံများနှင့် ဆေးဘက်ဆိုင်ရာ ဌာနများတွင် ဝန်ထမ်းအင်အား၊ ဆေးပစ္စည်းနှင့် ကူညီထောက်ပံ့မှုများ ပြတ်လပ်လျက်ရှိကြောင်း သိရသည်။

ခွဲစိတ်မှုလုပ်ဆောင်ရန် ပြင်ဆင်မှုများကို လေးလကြာ ပြုလုပ်ခဲ့ရသည်။ ဆရာဝန်များနှင့် သူနာပြုများသည် အမြွှာမိန်းကလေး နှစ်ဦး ဆေးရုံမှဆင်းသွားသည့်အချိန်အထိ အတူတကွ ရှိနေပေးခဲ့သည်။ ယခုကဲ့သို့ ခွဲစိတ်မှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည့်အတွက် လက်ဘနွန်နိုင်ငံ၏ ဆေးဘက်ဆိုင်ရာစနစ်နှင့် အဖွဲ့အစည်းများအတွက် ဂုဏ်ယူလျက်ရှိကြောင်း အဘီရက်က ပြောသည်။ **ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပသွားမည်

**ဒါကာ ဇန်နဝါရီ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲ ကော်မရှင်နာချုပ် ကာဇီ ဟာဘီဘူလ် အဝေါလ်က ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပြုလွှာများကို ဖေဖော်ဝါရီ ၁၂ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီအထိ ရွေးကောက်ပွဲကော်မရှင်ရုံး (စီအီးစီ) သို့ တင်သွင်းနိုင်ကြောင်း အဆိုပါ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သမ္မတ ရာထူးသက်တမ်းအတွက် တစ်ဦး လျှင် အများဆုံး နှစ်ကြိမ်သာ ထမ်းဆောင်ခွင့်ပြုထားသည့်အတွက် လက်ရှိသမ္မတ အက်ဒူလ် ဟာမစ်အနေဖြင့် နောက်ထပ်သက်တမ်းအတွက် သမ္မတရွေးကောက်ပွဲ၌ ပြန်လည်အရွေးခံတော့မည် မဟုတ်ဟုဆိုသည်။ ဟာမစ်၏ ဒုတိယအကြိမ်နှင့် နောက်ဆုံးသမ္မတ ရာထူးသက်တမ်းမှာ ဧပြီ ၂၄ ရက်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်လေတပ်မှ လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျမှုဖြစ်ပွား၊ နှစ်ဦးသေဆုံးဟုဆို

**မနီလာ ဇန်နဝါရီ ၂၅**



ပျက်ကျလေယာဉ်မှ အလောင်းတစ်ခုကို ကယ်ဆယ်ရေးသမားများက ဆွဲထုတ်နေစဉ်။

ဖိလစ်ပိုင်လေတပ်မှ လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၂၅ ရက်က လေ့ကျင့်ပျံသန်းနေစဉ်အတွင်း ဘာတန်းပြည်နယ်၌ ပျက်ကျခဲ့ကြောင်း စစ်တပ်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောသည်။

လေယာဉ်မှူး နှစ်ဦး လိုက်ပါလာသော SF-260 လေယာဉ်တစ်စင်းသည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၄ မိနစ်ဝန်းကျင်တွင် မနီလာမြို့ အနောက်ဘက် ဘာတန်းပြည်နယ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်လေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ကွန်ဆူးလို ကက်စတီလ်လိုက ပြောသည်။ အဆိုပါ ပျက်ကျလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၉ မိနစ်တွင် ကာဗီတီပြည်နယ်ရှိ စစ်အခြေစိုက်စခန်းတစ်ခုမှ ပျံတက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ဒေသဆိုင်ရာ DZBB ရေဒီယိုက ဘာတန်းပြည်နယ် ပီလာမြို့တွင် လေယာဉ်မှူး နှစ်ဦး၏ အလောင်းနှင့်အတူ လေယာဉ်အပျက်အစီးကို တွေ့ရှိခဲ့ကြောင်း ပြောသည်။ **ဆင်ဟွာ**

## အနာဂတ်တွင် အင်္ဂါဂြိုဟ်သို့စေလွှတ်မည့်အစီအစဉ်အတွက် နျူကလီးယားအင်ဂျင် အမေရိကန်စမ်းသပ်မည်

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၅**

အာကာသအတွင်း နျူကလီးယား အပူစွမ်းအင်သုံး ဒုံးပျံအင်ဂျင်ကို သရုပ်ပြသရန်အတွက် နာဆာနှင့် အမေရိကန်ကာကွယ်ရေး အဆင့်မြင့် သုတေသန ပရောဂျက်အေဂျင်စီ (ဒီအာအေစီအို) တို့ ပူးတွဲလုပ်ဆောင်မည်ဟု ဇန်နဝါရီ ၂၄ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ အစီအစဉ်သည် အင်္ဂါဂြိုဟ်ပေါ်သို့ ပထမဦးဆုံး လူလိုက်ပါသည့် အာကာသယာဉ် စေလွှတ်နိုင်ရေးအတွက် ကြီးမားသော အထောက်အပံ့ဖြစ်လာမည် ဖြစ်သည်။ နာဆာနှင့် ဒီအာအေစီအို တို့ ပူးပေါင်းကာ ဒုံးပျံကို သရုပ်ပြသမည်ဖြစ်သည်။ နျူကလီးယား အပူစွမ်းအင်သုံး ဒုံးပျံကို အသုံးပြုခြင်းဖြင့် အာကာသယာဉ်မှူးများအတွက် အန္တရာယ်လျှော့ချပေးနိုင်မည်ဖြစ်ပြီး ဖြတ်သန်းသွားလာချိန်ကိုလည်း ပိုမိုမြန်ဆန်မည်ဟု နာဆာကပြောသည်။

ရှည်လျားသည့် ခရီးစဉ်အတွက် ကြံ့ခိုင်သည့် စနစ်များ ပိုမိုလိုအပ်သဖြင့် ဖြတ်သန်းသွားလာသည့် အချိန် လျှော့ချပေးနိုင်ခြင်းသည် အင်္ဂါဂြိုဟ်ပေါ်သို့ လူလိုက်ပါသည့် အာကာသယာဉ် စေလွှတ်နိုင်ရေးအတွက် အဓိကအရေးပါသည့် အချက်ပင်ဖြစ်သည်။

**ဆင်ဟွာ**

## တောင်အာဖရိကတွင် ဝက်သက်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးပေးမှုကို ကုလအေဂျင်စီများကူညီ

**ဂျီနီဗာ ဇန်နဝါရီ ၂၅**

တောင်အာဖရိကတွင် ဝက်သက်ရောဂါဖြစ်ပွားမှုကိုနှိမ်နင်းနိုင်ရေးအတွက် အစိုးရမှ ဝက်သက်ကာကွယ်ဆေးများ အစုလိုက်ထိုးနှံပေးရန် ကြိုးပမ်းလျက်ရှိရာ တောင်အာဖရိကရှိ ကုလသမဂ္ဂမှ အကူအညီပေးရေး အဖွဲ့များလည်း ပါဝင်ကူညီပေးလျက်ရှိသည်ဟု ဇန်နဝါရီ ၂၄ ရက်တွင် ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

တောင်အာဖရိကရှိ ပြည်နယ်ကိုးခုအနက် ငါးခုတွင်ဝက်သက်ရောဂါဖြစ်ပွားနေပြီး ဒေသခံညှိနှိုင်းရေးမှူး နယ်ဆင်မာဖက် က ကုလသမဂ္ဂ အကူအညီပေးရေးလုပ်ငန်းများတွင် ဦးဆောင်ကူညီပေးလျက်ရှိသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရက်ကပြောသည်။ တောင်အာဖရိက အာဏာပိုင်များနှင့်အတူပူးပေါင်းကာ ဝက်သက်ကာကွယ်ဆေးထိုးမှုတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်ဟု ၎င်းကဆက်ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ဝက်သက်ရောဂါ ဖြစ်ပွားနေမှုအတွက် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို စေလွှတ်ထားကြောင်း ၎င်းကဆက်ပြောသည်။ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ကလည်း ကာကွယ်ဆေးထိုးပေးရာ နေရာများသို့ သွားရောက်ကာ အကူအညီပေးလျက်ရှိသည်။ **ဆင်ဟွာ**



# ကျိုက်ထီးရိုးဘုရားဖူးမြော်ရန် လာရောက်သည့် ဘုရားဖူးမော်တော်ယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက ဖုံးပစ်လောင်ချာဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဘုရားဖူးပြည်သူ အမျိုးသားတစ်ဦး သေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၅

**မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း NUG၊ CRPH လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ကျိုက်ထီးရိုးဘုရားဖူးမြော်ရန် လာရောက်သည့် မော်တော်ယာဉ်အား ဆင်ခြင်တုံတရားမဲ့စွာ ဖုံးပစ်လောင်ချာဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဘုရားဖူးမိဘပြည်သူတစ်ဦး သေဆုံးပြီး ခုနစ်ဦး ဖုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။**

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့မှ ဦးသီဟမောင်မောင် မောင်းနှင်၍ ဘုရားဖူးခရီးသည် ၁၁ ဦး လိုက်ပါလာသည့် မော်တော်ယာဉ်သည် ယနေ့ မွန်းလွဲ ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ကျိုက်ထိုမြို့နယ် မုပွလင်ကျေးရွာအနီး ရန်ကုန် – မော်လမြိုင်ကားလမ်းပေါ်ရှိ KP စက်သုံးဆီဆိုင်အနီးသို့ ရောက်ရှိစဉ် NUG၊ CRPH လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဖုံးပစ်လောင်ချာဖြင့် ဆင်ခြင်တုံ တရားမဲ့စွာ ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်မှုကြောင့် မော်တော်ယာဉ်အား ဖုံးသီးထိမှန်ခဲ့ကာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့ ဘုရားဖူးမိဘပြည်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီး ငါးဦးတို့တွင် ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ အဆိုပါဒဏ်ရာ ရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သော ဆေးရုံ၊ စာသင်ကျောင်း၊ လူနေအဆောက်အဦများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများ ပြုလုပ်လာသည့်အပြင် အများပြည်သူ ယုံကြည်ကိုးကွယ်ရာ ဖြစ်သော ဘာသာရေးဆိုင်ရာ ဘုရား၊ ကျောင်းကန်များအထိ ယုတ်မာရိုင်းစိုင်းသည့် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာသည်ကို သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့် ပူးပေါင်းလက်တွဲကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကျိုက်ထိုမြို့နယ်၊ မုပွလင်လမ်းဆုံအနီး၌ ဘုရားဖူးလာရောက်သည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက ပစ်ခတ်ခဲ့သည့် နေရာပြပုံ






ပစ်ခတ်ခံရသည့်ဘုရားဖူးမော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။




ပစ်ခတ်ခံရသည့် ဘုရားဖူး မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ (၃)ရပ်ကွက်နေ နိုင်မိုးဦး(ခ) ဖက်တီး(ခ) ဝတုတ်သည် ၎င်းအသုံးပြုသည့် “Oo Naing Moe” Facebook အကောင့်၊ မွန်ပြည်နယ် ရေးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၃) ရပ်ကွက်နေ ဇာခြည်လဲ့သည် ၎င်းအသုံးပြုသည့် “Zar Chi Lae” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည် ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ယနေ့နံနက်ပိုင်းတွင်လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကို ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က **(အပေါ်ယာပုံ)** အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ် အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် အသိပညာပေး စကားများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေါပုံမြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြောက်ဥက္ကလာပ မြို့နယ်၊ သာကေတမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး နှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။ ဆက်လက်၍ ပြစ်မှု ကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များ၏ မိသားစုဝင်များကိုယ်စား မိခင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုလိုကြား သိရပါသည်။

**အမျိုးသားတစ်ဦး**



ဟိုမှာနေရတာ အဆင်မပြေလို့ ဒုက္ခပေါင်းစုံ ရောက်တယ်။ တောထဲမှာ စားရတာလည်း အဆင်မပြေဘူး။ အစစအရာရာ ဘာမှအဆင်မပြေဘူး။ အစကတော့ ကောင်းမယ်ထင်လို့ သွားခဲ့တာ။ ကြီးနိုင်ငယ်ညှဉ်း ပုံစံဖြစ်နေတယ်။ သူတို့အကြီးတွေလောက်ပဲ အဆင်ပြေတာ။ အောက်က အငယ်တွေကတော့ စားချင်သလိုစား နေချင်သလိုနေ ဖြစ်နေတယ်။ ခဏလေးပဲနေခဲ့တော့ ဘာမှသိပ်မသင်ပေးပါဘူး။ သူငယ်ချင်း တစ်ယောက်က ပြန်လာတော့ ကျွန်တော်တို့ မြို့က တာဝန်ရှိတဲ့ ဗိုလ်ကြီးကို မေးကြည့်တာ။ အလင်းဝင်လို့ရလား၊ ပြန်လာလို့ရတယ်ဆိုလို့ သူတို့က လည်း နွေးနွေးထွေးထွေးကြိုဆိုမယ်ဆိုလို့ ကျွန်တော်လည်း ပြန်ချိတ်ဆက်ပြီး ပြန်လာတာ။ အကုန်လုံးကတော့ ကိုယ့်အိမ်ကို ပြန်လာချင်ကြတာ ချည်းပါပဲ။ သူတို့ကိုပြောချင်တာက ဆက်ပြီး ဒုက္ခခံမနေနဲ့၊ ပြန်လာချင်ရင် ဒီက အကြီးအကဲတွေနဲ့ ပြန်လာပေါ့။ ဒီက တာဝန်ရှိတဲ့သူတွေကလည်း နွေးနွေးထွေးထွေးနဲ့ကြိုဆိုတော့ ပြန်လာဖို့ပဲ ပြောချင်ပါတယ်။

**အမျိုးသမီးတစ်ဦး**

အသိမိတ်ဆွေကခေါ်သွားလို့ ညီမအဲဒီကို ရောက်သွားတာပေါ့ တောထဲကို။ ဘာမှကိုမပြောတာ။ သင်လည်းမသင်ပေးဘူး။ သိလည်း မသိရဘူး။ အဲဒီရောက်သွားတာနဲ့ တစ်ရက်နှစ်ရက်နေတော့ နောက်နေ့တွေကျ ဟင်းချက်ရတယ်။ ကိုယ့်ထက် အရင်ရောက်နေတဲ့ စောတဲ့ စီနီယာတွေရဲ့ ဝေယျာဝစ္စတွေ လုပ်ပေးရတယ်။ အခုလိုမျိုး လူကြီးစုံရာနဲ့ အလင်းဝင်တာ ကောင်းတယ်ပေါ့နော်။ အဲဒီလိုမျိုးလည်း ဝင်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တောထဲမှာလည်း အတော် ဒုက္ခရောက်တယ်။ ကိုယ်တိုင်က ဘာမှမဟုတ်တာလည်း မဟုတ်ဘူးပေါ့နော်။ ကိုယ့်အချိန်တွေ ဆုံးရှုံးတာပဲရှိတယ်။ အဲဒီတော့ လူကြီးတွေနဲ့ ဒီလိုမျိုး အတိအလင်း အလင်းဝင်စေချင်တယ်။ ကိုယ့်လို သူငယ်ချင်းတွေကိုလည်း ညီမကတော့ အတိုင်းအထက်အလွန်ကို ဝမ်းသာတယ်ပေါ့။ မိဘရင်ခွင်ထဲကို အရင်လိုပြန်ပြီး ချွဲလို့ရတယ်။ ဘာပဲပြောပြော သွားနေတဲ့ကာလအတွင်းမှာ မိဘတွေနဲ့လည်း ဖုန်းဆိုတာ ပြောချင်မှ ပြောရတာ။ အခုလို အိမ်ပြန်ရောက်တဲ့အတွက် အတိုင်းထက်အလွန် ဝမ်းသာပါတယ်။ ခုလိုမျိုး စီစဉ်ပေးတဲ့ လူတွေအကုန်လုံးကို ကျေးဇူးတင်ပါတယ်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# KNDO တပ်ရင်း (၆) မှ အကြမ်းဖက်မှုကို လိုလားသည့်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ နေအိမ် တစ်လုံး မီးရှို့ဖျက်ဆီး၊ ကျေးရွာအုပ်ချုပ်ရေးမှူးကို ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ နေအိမ်တစ်လုံးကို KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကို လိုလားသည့် အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဇန်နဝါရီ ၂၄ ရက်တွင် အကြောင်းမဲ့လာရောက် မီးရှို့ဖျက်ဆီးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။



ကော့ကရိတ်မြို့နယ်၊ ကမ်းနီကျေးရွာရှိ နေအိမ် တစ်လုံးအား KNDO တပ်ရင်း (၆) နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ကော့ကရိတ်မြို့နယ်၊ ကမ်းနီကျေးရွာရှိ နေအိမ်များအား KNDO တပ်ရင်း (၆) နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ KNDO တပ်ရင်း(၆) မှ အကြမ်းဖက်မှုကိုလိုလားသည့် အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဇန်နဝါရီ ၂၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် ကော့ကရိတ်မြို့နယ် တံတားဦးကျေးရွာဘက်မှ ကမ်းနီကျေးရွာဘက်သို့ မော်တော်ယာဉ်နှစ်စီးဖြင့်ရောက်ရှိလာပြီး ကမ်းနီကျေးရွာရှိ လူနေအိမ် တစ်လုံးအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးကာ ကျေးရွာ အုပ်ချုပ်ရေးမှူးအား ဖမ်းဆီးခေါ်ဆောင်၍ ကော့ကျိုက်ကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ ထိုသို့ မီးရှို့ဖျက်ဆီးမှုကြောင့် ကျေးရွာအတွင်းရှိ နေအိမ်များအား မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရှိရသည်။

အလားတူ ဇန်နဝါရီ ၂၄ ရက် နံနက် ၃ နာရီခန့်တွင် အဆိုပါကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား KNDO တပ်ရင်း (၆) မှ အကြမ်းဖက်မှုကို လိုလားသည့် အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ လာရောက် မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၁၃ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၁၃ ဘီလီယံကျော် တန်ဖိုးရှိမူးယစ်ဆေးဝါးများနှင့်လက်နက်ခဲယမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်း (တောင်ပေါ်) ကျေးရွာအုပ်စု ပူနားကိုကျေးရွာအနီးရှိ ရော်ဘာခြံကို သတင်းအရ ရှာဖွေရာ ခြံအတွင်းရှိ တစ်ထပ်တိုက်အတွင်း၌ ကျဘို၊ ကျရှော တို့ နှစ်ဦးအား ဒေသကာလ တန်ဖိုးငွေကျပ် ၄ ဒသမ ၁၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၁၈၂ ကီလို၊ ပစ္စတိုတစ်လက်၊ HK 33 သေနတ်တစ်လက်၊ M-16 သေနတ်တစ်လက်၊ K-12 သေနတ်တစ်လက်၊ တစ်လုံးထိုးသေနတ်တစ်လက်၊ ကျည်မျိုးစုံ အတောင့် ၁၆၅၀ နှင့် လက်ပစ်ဗုံး ခုနစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ကျဘိုနှင့် ကျရှော တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# ထပ်ဆောင်းကာကွယ်ဆေးများ မဖြစ်မနေထိုးနှံလို့ ကိုဗစ် - ၁၉ အိုမီခရွန် မျိုးကွဲသစ်အန္တရာယ်ကို ဝိုင်းဝန်းကာကွယ်ကြပါစို့

**အမေရိကန်ပြည်ထောင်စုတွင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် XBB 1.5 သည် လျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကမ္ဘာတစ်ဝန်းလုံးတွင် ဆိုးရွားသည့် ကိုဗစ် – ၁၉ ကပ်ရောဂါလှိုင်းသစ်တစ်ခုအသွင် ဖြစ်ပေါ်မလာစေရေး ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ကြရန် သတိပေးပြောဆိုလျက်ရှိသည်။**

*မိုးယံ*

မိမိတို့ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လည်း Zero Covid Policy ဖြင့် ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကို ကောင်းစွာထိန်းချုပ်ထားနိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်အကုန် ၂၀၂၃ ခုနှစ်အကူးတွင် အိုမီခရွန်မျိုးကွဲဖြစ်သည့် BA.5.2 နှင့် BF.7 မျိုးစိတ်နှစ်ခု၏ ကူးစက်မှုကြောင့် ရောဂါဖြစ်ပွားမှုများ တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည်ကို တွေ့ရှိလာရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထုတ်ပြန်ချက်များအရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အတွင်း ကိုဗစ် – ၁၉ ရောဂါကြောင့် သေဆုံးသူ ၅၉၉၃၈ ဦးရှိခဲ့ပြီး လူဦးရေ ၅၅၀၃ ဦးသည် ကိုဗစ်–၁၉ ကြောင့် အသက်ရှူလမ်းကြောင်း ပျက်စီးကာ အသက်ဆုံးရှုံးရခြင်းဖြစ်ပြီး ကျန်ရှိသည့် လူဦးရေ ၅၄၅၀၀ ခန့်သည် ကိုဗစ်– ၁၉ နှင့်ဆက်စပ်သည့် ရောဂါများကြောင့် အသက်ဆုံးရှုံးရခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အသက်ဆုံးရှုံးရမှုများတွင် အသက် ၈၀ မှ ၈၅ နှစ်အတွင်း သက်ကြီးရွယ်အိုများသည် သေဆုံးမှုနှုန်းများပြားကာ သေဆုံးသူများ၏ ပျမ်းမျှအသက်သည် ၈၀ ဒသမ ၃ နှစ်ခန့်ဖြစ်ပြီး ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းကျော်သည် အသက် ၆၅ နှစ်အထက်ဖြစ်သည်ကို သိရသည်။ ထို့အပြင် သေဆုံးသူအများစုသည် သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာ စသည်ဖြင့် နာတာရှည်ရောဂါအခံရှိသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထပ်မံထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အတွင်း ကိုဗစ် – ၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၂၆၅၈ ဦးရှိကြောင်း သိရ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အတွင်း ကိုဗစ် – ၁၉ ရောဂါကြောင့် သေဆုံးသူ ၇၂၅၉၆ ဦးရှိကြောင်း သိရသည်။

အိုမီခရွန်မျိုးဗီဇကွဲများ၏ ကူးစက်မှုပုံစံသည် လျင်မြန်စွာ ကူးစက်ပျံ့နှံ့တတ်သည့် သဘောသဘာဝရှိပြီး လူကြီးလူငယ်မရွေး ကူးစက်ပျံ့နှံ့နိုင်ကြောင်း၊ အဓိကအားဖြင့် သက်ကြီးရွယ်အိုများ၊ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာ စသည်ဖြင့် နာတာရှည်ရောဂါအခံရှိသူများတွင် ရောဂါပိုးဝင်ရောက်မှုကြောင့် အသက်ဆုံးရှုံးရမှုများပြားသည်ကို တွေ့ရှိရကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထုတ်ပြန်ချက်များအရ လေ့လာသိရှိရသည်။

အိုမီခရွန်မျိုးကွဲ XBB 1.5 သည် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေမှု၏ အဓိကမျိုးစိတ်ဖြစ်လာနေပြီး ရက်သတ္တပတ်



"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်၌ ဇန်နဝါရီ ၂၄ ရက်က ကိုဗစ်–၁၉ ရောဂါထပ်ဆောင်း ကာကွယ်ဆေးများကို ကျောင်းသား ကျောင်းသူများအား ထိုးနှံပေးစဉ်။

အနည်းငယ်အတွင်း ကူးစက်မှုများ၏ ၄ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၄၀ ခန့်အထိ တက်လာသည်ကို တွေ့ရှိရသည့် အတွက် XBB 1.5 သည် အခြားမျိုးကွဲများထက် ပိုမိုလျင်မြန်စွာပွားများနိုင်သည့် အစွမ်းသတ္တိ ရှိသောမျိုးစိတ်တစ်ခုဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တာဝန်ရှိသူက မှတ်ချက်ပြုထားသည်ကို သိရသည်။

သို့ရာတွင် XBB 1.5 အနေဖြင့် အိုမီခရွန်မျိုးစိတ်ဖြစ်သည့်အတွက် မူလအိုမီခရွန်ထက် ရောဂါပိုမိုပြင်းထန်နိုင်ဖွယ်မရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လတ်တလောတွင် ထုတ်ပြန်ထားပြီး ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

အိုမီခရွန်မျိုးကွဲများသည် ဒယ်လ်တာမျိုးဗီဇထက် ကူးစက်မှုပိုမိုသိသာစွာလျင်မြန်သည့် သဘောရှိကာ မိမိတို့အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လည်း အိုမီခရွန်မျိုးကွဲ BA.5.2 နှင့် BF.7 တို့ကြောင့် ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်တက်လျက်ရှိပြီး ရောဂါကြောင့် သေဆုံးရမှုများကို တွေ့ရှိနေရသည့်အတွက် အိုမီခရွန်မျိုးကွဲ ကူးစက်မှုအန္တရာယ်ကို မပေါ့ဆသင့်ကြောင်း ပညာရှင်များက သတိပေးပြောထားသည်။

"အိုမီခရွန်မျိုးကွဲ XBB 1.5 က အစွမ်းသတ္တိနှစ်မျိုးရှိတာကို တွေ့ရပါတယ်။ ပထမအစွမ်းသတ္တိက လူခန္ဓာကိုယ်ရှိ ပဋိပစ္စည်းတွေရဲ့ ခုခံအားစနစ်ကို ရှောင်လွှဲနိုင်စွမ်းရှိတာကို တွေ့ရပါတယ်။ ဒုတိယအစွမ်းသတ္တိက ခန္ဓာကိုယ်ရှိဆဲလ်တွေနဲ့ ပိုမိုပူးကပ်ပြီး ဝင်ရောက်နိုင်တဲ့ အစွမ်းရှိတယ်။ ဒါကြောင့် ကူးစက်မှုနှုန်းက အခြားမျိုးစိတ်တွေကို ကျော်လွန်ပြီး လျင်လျင်မြန်မြန်နဲ့ တက်လာခြင်းဖြစ်ပါတယ်"

**အိုမီခရွန်မျိုးကွဲ XBB 1.5 က အစွမ်းသတ္တိ နှစ်မျိုးရှိတာကို တွေ့ရပါတယ်။ ပထမအစွမ်းသတ္တိက လူခန္ဓာကိုယ်ရှိ ပဋိပစ္စည်းတွေရဲ့ ခုခံအားစနစ်ကို ရှောင်လွှဲနိုင်စွမ်းရှိတာကို တွေ့ရပါတယ်။ ဒုတိယအစွမ်းသတ္တိက ခန္ဓာကိုယ်ရှိဆဲလ်တွေနဲ့ ပိုမိုပူးကပ်ပြီး ဝင်ရောက်နိုင်တဲ့ အစွမ်းရှိတယ်။ ဒါကြောင့် ကူးစက်မှုနှုန်းက အခြားမျိုးစိတ်တွေကို ကျော်လွန်ပြီး လျင်လျင်မြန်မြန်နဲ့ တက်လာခြင်းဖြစ်**

ဟု ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက လက်ရှိတစ်ရှိန်ထိုးကူးစက်ပြန့်ပွားနေသည့် အိုမီခရွန်မျိုးဗီဇကွဲများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် သုံးသပ်ပြောကြားထားသည်။

ဆက်လက်၍ "မြန်မာပြည်သူတွေအနေနဲ့ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားပြီးဖြစ်တဲ့အတွက် ကာကွယ်ဆေးကြောင့် ရတဲ့ရောဂါခုခံအား (Vaccine Induced Immunity) အနေနဲ့ ရှိသင့်သလောက် ရှိနေပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံမှုအပြင် နှာစေး၊ ချောင်းဆိုးဖြစ်ပြီး မိမိကိုယ်မိမိ ကိုဗစ်– ၁၉ Positive မှန်းမသိဘဲ ရောဂါပြင်းထန်မှုမရှိလိုက်ဘဲ ပြန်လည်ပျောက်ကင်းသွားတဲ့သူတွေလည်းရှိပါတယ်။ ကာကွယ်ဆေးထိုးနှံမှုကနေ တစ်ဆင့်ရရှိတဲ့ Vaccine Induced Immunity နဲ့ ရောဂါပိုးဝင်ရောက်မှုကြောင့် ရလာတဲ့ ကိုယ်ခံအားတို့ ပေါင်းစပ်ပြီးရင် Hybrid Immunity ဆိုတဲ့ ပေါင်းစပ်ကိုယ်ခံအားက ရှိသင့်သလောက် ရှိလာနေပါတယ်။ ဒီလိုမျိုး Hybrid Immunity ရှိသူတွေ၊ Vaccine Induced Immunity ရှိသူတွေ အများစုဖြစ်လာရင် ဆက်လက်ပြီးကောင်းတဲ့အနေနဲ့ လူအုပ်စုအကြား ရောဂါခုခံအား (Population Immunity) ကလည်း တစ်ပါတည်းမြင့်တက်လာမှာဖြစ်တဲ့အတွက် ပြင်းပြင်းထန်ထန်ရောဂါ ခံစားရနိုင်မှုတွေကို လျှော့ချနိုင်မယ်လို့ ခန့်မှန်းရပါတယ်။ ဒါကြောင့် Population Immunity တက်လာအောင် ဆောင်ရွက်နိုင်ဖို့က အလွန်အရေးကြီးပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အကောင်းဆုံးနည်းလမ်းက ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုရရှိထားပြီးသူတွေကို ခြောက်လပြည့်တိုင်း ထပ်ဆောင်းကာကွယ်ဆေး (Booster Dose) နဲ့ နောက်ထပ် ခြောက်လပြည့်တိုင်း အပိုထပ်ဆောင်း ကာကွယ်ဆေး (Additional Booster Doses) ထိုးနှံပေးထားဖို့ဖြစ်ပြီး လူတိုင်းအနေနဲ့ ကာကွယ်ဆေးတွေကို မဖြစ်မနေထိုးနှံမှုခံယူကြဖို့ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ကိုဗစ် – ၁၉ ဖြစ်ပွားမှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက အယ်လ်ဖာ၊ ဘီတာ၊ ဂါမာ၊ ဒယ်လ်တာ၊ အိုမီခရွန်ဆိုသည့် ကိုဗစ် – ၁၉ ဗိုင်းရပ်စ် မျိုးစိတ်အသစ်များပြောင်းတိုင်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုလှိုင်းကြီးများအသွင် ဖြစ်ပွားခဲ့ကြောင်း တွေ့ရသည်။

ယခုအခါ ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့နေသည့် BA.4, BA.5, BA.5.2, BF.7, XBB 1.5 စသည့် ကိုဗစ်–၁၉ မျိုးဗီဇပြောင်းရောဂါပိုးတို့သည် အိုမီခရွန်၏ မျိုးကွဲများအဖြစ်သာ ထွက်ပေါ်လာခြင်းဖြစ်၍ ဒယ်လ်တာကဲ့သို့ မျိုးစိတ်သစ်ကြီးတစ်ခု ထပ်မံပေါ်ထွက်မလာသည်မှာ မိမိတို့ လူသားမျိုးနွယ်အတွက် ကံကောင်းမှုတစ်ခုပင်ဖြစ်သည်။

ကိုဗစ် – ၁၉ ဗီဇပြောင်း ဗိုင်းရပ်စ်များ မည်သို့ပင်ဝင်လာစေကာမူ ပါးစပ်နှာခေါင်းစည်း (Mask) တပ်၊ လက်ဆေး၊ ခပ်ခွာခွာနေထိုင်ခြင်းဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုများကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်သည်။ ကူးစက်မှုများ ဝင်ရောက်လာမည်ဆိုပါကလည်း ကာကွယ်ဆေးနှင့် အပိုထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်စွာခံစားရမှု၊ ရောဂါကြောင့် အသက်ဆုံးရှုံးမှုများမှ သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သည်။

**သို့ဖြစ်၍ ယခုအချိန်သည် နိုင်ငံတကာတွင်လည်း ကူးစက်ပျံ့နှံ့နေပြီး မိမိတို့နိုင်ငံသို့လည်း ဝင်ရောက်လာနိုင်သည့် ကိုဗစ် – ၁၉ မျိုးကွဲသစ်များ၏ အန္တရာယ်ကို ကြိုတင်သိရှိကာကွယ်၍ ရောဂါပိုးကူးစက်ခံရမှုကြောင့် အသက်သေဆုံးမှုမရှိစေရေးအတွက် ထပ်ဆောင်းကာကွယ်ဆေး Booster Dose များကို လူတိုင်းမဖြစ်မနေ ထိုးနှံမှုခံယူသင့်သည့် အချိန်ဖြစ်သည်။**

**အထူးသဖြင့် အသက် ၄၀ နှစ်အထက် နာတာရှည် ရောဂါအခံရှိသူများတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသော်လည်း ခန္ဓာကိုယ်၏ခုခံအားစနစ်နှင့် ကာကွယ်ဆေးကြောင့် ရရှိလာသည့် ရောဂါကို ခုခံကာကွယ်နိုင်စွမ်းအားသည် သာမန်လူကောင်းများနှင့် နှိုင်းယှဉ်ပါက အားနည်းနိုင်သကဲ့သို့ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများသည်လည်း ကာကွယ်ဆေးကြောင့် ရရှိလာသည့်ခုခံအားစနစ်သည် လူငယ်များနှင့် မတူညီဘဲ အားနည်းနိုင်သည့်အတွက် ထိုကဲ့သို့သော လူအုပ်စုများတွင် ပါဝင်သူများသည် ထပ်ဆောင်းကာကွယ်ဆေး Booster Dose ထိုးနှံမှုများကို ၆ လပြည့်သည်နှင့် မဖြစ်မနေထပ်မံထိုးနှံထားရန် လိုအပ်သည်။**

**သို့မှသာ ၎င်းတို့အကြားတွင် ကိုဗစ်–၁၉ ရောဂါကြောင့် ရောဂါပြင်းထန်စွာခံစားရမှု၊ ဆေးရုံတက်ရောက်ရမှုနှင့် နောက်ဆက်တွဲအသက်ဆုံးရှုံးရမှုများကို ထိထိရောက်ရောက် ကာကွယ်နိုင်မည်ဖြစ်သည်။**

ထိုသို့ ထပ်ဆောင်းကာကွယ်ဆေး Booster Dose များ ထိုးနှံမှုကို ခြောက်လတစ်ကြိမ် ရရှိထားသည့် လူအုပ်စုအတွင်း ကိုဗစ်– ၁၉ ရောဂါ ခုခံအား Population Immunity မြင့်တက်ရာမှ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကွင်းဆက်များကို လျင်လျင်မြန်မြန် ဖြတ်တောက်နိုင်၍ ဖြစ်ပေါ်လာနိုင်သည့်နောက်ဆက်တွဲ ဆိုးကျိုးများနှင့် လူမှုစီးပွားဘဝထိခိုက်နိုင်သည့် အန္တရာယ်ကိုလည်း ထိရောက်စွာ ရှောင်လွှဲလျှော့ချနိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ ကိုဗစ် –၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေကို မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိပြီး ကိုဗစ် – ၁၉ ထပ်ဆောင်းကာကွယ်ဆေးများကို ကျေးလက်ဒေသများအထိ ထိုးနှံပေးလျက်ရှိသည်။ *စာမျက်နှာ ၁၇ သို့*

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်းရှိ

**(၂၅-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၁၉,၇၉၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၁၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၆၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၄-၁-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၉၇,၇၀၉) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၇,၈၇၁) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၄-၁-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၉၇,၇၀၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၇,၈၇၁ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက် လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

*စာမျက်နှာ ၁၆ မှ*

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် စပ်လျဉ်းသည့် သတိပေးလမ်းညွှန်ချက်များကို နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိရာ မိမိတို့အနေဖြင့် ရောဂါကူးစက်မှုလျှော့ချနိုင်မည့် နေထိုင်မှုပုံစံများ အတိုင်း လိုက်နာကျင့်သုံးကြရန် လိုအပ်လှပေသည်။

ထိုသို့ ကိုဗစ်-၁၉ နေထိုင်မှုပုံစံနည်းလမ်းများ၊ စည်းကမ်းများကို သတိပြုလိုက်နာခြင်းသည်လည်း ကိုဗစ်-၁၉ ရောဂါပိုးဝင်ရောက်ကူးစက်မှုနှင့် ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ ခံစားရခြင်းကို သိသာစွာလျှော့ချပေးနိုင်ပါသည်။

ပါးစပ်နှာခေါင်းစည်း (Mask) တပ်၊ လက်ဆေး၊ ခပ်ခွာခွာနေထိုင်ခြင်း၊ လူစုလူဝေးရှောင်ရှားခြင်း၊ လူအများနှင့် နေထိုင်လုပ်ကိုင်ရသည့်နေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် မဖြစ်မနေ Mask တပ်ကြရန်နှင့် မိမိတို့နေထိုင်ရာ နေရာများကို လေဝင်လေထွက် ကောင်းမွန်အောင် ပြုလုပ်ကြရန် ကျန်းမာရေးဝန်ကြီးဌာနမှ သတိပေးလမ်းညွှန်ထားပါသည်။

ထို့ပြင် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများမှတစ်ဆင့် ပြည်တွင်းသို့ မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်ပိုးများ မဝင်ရောက်လာစေရေးအတွက် နယ်စပ်ဝင်/ထွက်ပေါက်များနှင့် လေဆိပ်များတွင် ဝင်ရောက်လာသူများ လိုက်နာရမည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ပေးထားပြီး ၎င်းတို့ကို တိကျစွာလိုက်နာကျင့်သုံး ဆောင်ရွက်ကြရန် လိုအပ်လှသည်။

ထပ်မံတိုက်တွန်းလိုသည်မှာ ကာကွယ်ဆေးထိုးနှံမှုများကို စနစ်တကျ အကြိမ်ပြည့်ခံယူကြရန်နှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံကြရန်၊ ကာကွယ်ဆေးထိုးပြီးဖြစ်သော်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ အကြံပြုချက်များအတိုင်း အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ပေးကြရန် နှိုးဆော်လိုသည်။

ထိုသို့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်း၊ ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ စည်းကမ်းများကို လိုက်နာကာ နေ့စဉ်ဘဝတွင် ခပ်ခွာခွာနေထိုင်ကြခြင်းဖြင့် ကမ္ဘာကြီးကို ဖျားနာအောင် ဝင်ရောက်မွှေနှောက်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး၏ ကူးစက်မှုသံသရာကို ဝိုင်းဝန်းကာကွယ် ရပ်တန့်လိုက်ကြပါစို့ဟု ...။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၆၀ | ၂၃၄၀ | ၂၄၃၅ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၅ | ၂၇၀၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၅၂၀ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၀ | ၂၅၇၅ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၄၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၆၀၀ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၀ | ၂၆၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၅ | ၂၇၅၅ | ၂၇၅၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၈၅ | ၂၆၈၅ | ၂၆၉၀ | ၂၉၂၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၆၀၀ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၀ | ၂၆၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၅ | ၂၇၅၅ | ၂၇၅၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၈၅ | ၂၆၈၅ | ၂၆၉၀ | ၂၉၂၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၂ | ၂၂၆၉ |
| 95 Ron | ၂၂၆၈ | ၂၃၄၇ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၁ |
| HSD (50 ppm) | ၂၄၇၈ | ၂၅၅၇ |
| HSD (10 ppm) | ၂၄၇၈ | ၂၅၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၀) ရပ်ကွက် မဟာဝိသုတာရာမ(အလယ်)တိုက် ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဝိစာရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၁)နှစ် သိက္ခာတော်(၇၁)ဝါအရ ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၄ ရက် (ဇန်နဝါရီ ၂၄ ရက်)အင်္ဂါနေ့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ သာသနဝ္ပါလဓမ္မရိပ်သာ (မြိတ်) ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သူရိယာရာမ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ရွှေလှိုင် ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ရှင်မတောင်ပရိယတ္တိစာသင်တိုက်နှင့် လှိုင်မြို့နယ်ရှိ ဝါယာလက် ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယ ပရိယတ္တိ စာသင်တိုက်၊ ရောဝတီ တိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မင်္ဂလာအောင်မြေကျောင်းတိုက် တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ပြင်ထီးလင်း ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီး (တောင်) ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရှမ်းပိဋကတ်၊ စဝ်စံထွန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ အောင်ချမ်းသာ ကျောင်းတိုက် တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## သီပေါမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာမေးပွဲကျင်းပ

**သီပေါ ဇန်နဝါရီ ၂၅**

ဗုဒ္ဓသာသနာတော်ကြီး အစွန့်ရှည်တည်တံ့ ပြန့်ပွားစေရေးနှင့် သာသနာတော်၏ မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရေးအတွက် နာယက ဆရာတော်ကြီးများ၊ ကြီးကြပ်ဆရာတော်များနှင့် ပုစ္ဆက ဆရာတော်များ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်လုံးဆိုင်ရာ အကြိမ် (၄၀) မြောက် ပရိယတ္တိစာပြန်ပွဲတော်ကို ယနေ့နံနက်ပိုင်းက မဟာမြတ်မုနိဘုရားကြီး အာရုံခံတန်ဆောင်းတော်၌ ကျင်းပသည်။ **(ယာပုံ)**



ပရိယတ္တိစာပြန်၊ စာမေးပွဲသို့ ပထမငယ် အပါး ၂၀၊ အခြေပြု ၄၉ ပါး၊ ပထမအဆင့် ၉၅ ပါးနှင့် မူလအဆင့် ၂၇၃ ပါး စုစုပေါင်း ၄၃၇ ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။ အဆိုပါ သံဃာတော်များအား လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် နာယကဆရာတော်ကြီးသုံးပါး ငွေကျပ် ၁၂၀၀၀၊ ကြီးကြပ်ဆရာတော် ၁၅ ပါး ငွေကျပ် ၁၃၀၀၀၊ ပုစ္ဆက ဆရာတော် ၁၆ ပါး ငွေကျပ် ၁၅၀၀၀ နှင့် ပထမငယ် အပါး ၂၀ ငွေကျပ် ၁၈၀၀၀၊ အခြေပြု ၄၉ ပါး ငွေကျပ် ၁၄၀၀၀ ၊ ပထမအဆင့် ၉၅ ပါး ငွေကျပ် ၁၂၀၀၀နှင့် မူလအဆင့် ၂၇၃ ပါး ငွေကျပ် ၁၀၀၀၀ ဖြင့် မြို့နယ်ပရိယတ္တိစာပြန်ပွဲ ကျင်းပရေးကော်မတီသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

❖ *ကျောဖုံးမှ*

"ဒီပြိုင်ပွဲက သွေးသစ်ဝင်းလှိုင်နဲ့ ထွန်းထွန်းမင်း ကိုယ်အလေးချိန်ကွာတယ်။ အရပ်လဲကွာတယ်။ ပုံမှန်အားဖြင့် တန်းမဟုတ်ဘူး။ ဒီပွဲက အမှတ်ပေးပွဲထိုးမှာဖြစ်ပြီး အမှတ်နဲ့ထိုးတဲ့နေရာမှာ သွေးသစ်ဝင်းလှိုင်က ညဏ်ရည်ကောင်းတယ်၊ တိုင်ပင်ယူတက်တယ်၊ အမှားကိုစောင့် ထိချက်ရအောင် ထိုးတတ်တယ်။ ဆိုင်ထိုးရင် ကျမှာ။ အဝင်အထွက် အရွှေ့အပြောင်းကို အားကိုးပြီး ကစားမှာပဲ။ အလဲထိုးနိုင်ဖို့ ခက်မှာပါ။ ထွန်းထွန်းမင်းက တရစပ်ထိုးတတ်တယ်။ ပါဝါနဲ့ကြိုးစားမှာပဲ။ ယခုပြိုင်ပွဲက အမှတ်ပေးပွဲဆိုတော့ သိပ်ပြောလို့မရဘူး" ဟု လက်ဝှေ့သုံးသပ်သူတစ်ဦးက ပြောသည်။

အဆိုပါပြိုင်ပွဲ၌ ၆၃ ဒသမ ၅ –၆၇ ကီလို (ဝယ်လ်တာဝိတ်တန်း)တွင် အဲမ့်မီနှင့် ကမ္ဘာရှား၊ ၆၀ – ၆၃ ဒသမ ကီလို (လိုက်ဝယ်လ်တာဝိတ်တန်း) တွင် စောရွှေလေးနှင့် မိုးထက်အောင်၊ ၅၇–၆၀ ကီလို(လိုက်ဝိတ်တန်း) တွင် ရှမ်းတောက်နှင့် သွေးလင်းထက် ၊ ၆၃ ဒသမ ၅ – ၆၇ ကီလို (ဝယ်လ်တာဝိတ်တန်း) တွင် စောဂျွန်နှင့် စောထွန်းဝင်းအောင်၊ ၆၃ ဒသမ ၅ – ၆၇ ကီလို (ဝယ်လ်တာဝိတ်တန်း) တွင် စောကဲနှင့် သားစိုး ၊ ၅၄ – ၅၇ကီလို (ဖယ်သာဝိတ်တန်း)တွင် စိုးမင်းထိုက်နှင့် ကစောထူး၊ ၅၇ – ၆၀ ကီလို (လိုက်ဝိတ်တန်း) တွင် စောနိုင်လင်းနှင့် ကျားရိုင်း စသည့် စုစုပေါင်း တွဲဆိုင်းရှစ်ဆိုင်း ပါဝင်သွားမည်ဖြစ်သည်။

ယင်းလက်ဝှေ့ပြိုင်ပွဲတွင် စနစ်သစ်အမှတ်ပေး စည်းမျဉ်းအောက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပရိသတ်မပါဘဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

● *ကျောဖုံးမှ*

အဆိုပါ ပွဲစဉ်သို့ ပွဲကြည့်ပရိသတ် သုံးသောင်းကျော် လာရောက်ကြည့်ရှုခဲ့သည်။ ယခုနှစ်ရာသီတွင် ခံစစ် အဆိုးရွားဆုံးအသင်းအဖြစ်ရှိနေသည့် ဆောက်သမ်တန်အသင်းသည် ယခုပွဲစဉ်တွင် ခြေစွမ်းထက်မြက်နေသည့် နယူးကာဆယ်အသင်းကို အခက်တွေ့အောင် ကစားထားနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးလေးကြိမ်ထက်မနည်း ရရှိခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် နစ်နာခဲ့ရသည်။

ဆောက်သမ်တန်အသင်းမှ အမ်းစထရောင်း နယူးကာဆယ်အသင်းဘက်သို့ ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည်။ ထို့အပြင် ပွဲချိန် ၈၆ မိနစ်တွင် ဆောက်သမ်တန်အသင်းမှ ဆယ်လီတာကား နစ်ဝါ တစ်နီဖြင့် ထွက်ခဲ့ရသည်။


ဆောက်သမ်တန်နှင့် နယူးကာဆယ်အသင်းတို့၏ အီးအက်ဖ်အယ်ဖလား ဒုတိယအကျော့ပွဲစဉ်ကို ဇန်နဝါရီ ၃၁ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**အောင်ဇော်**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၀) ရပ်ကွက် မဟာဝိသုတာရာမ(အလယ်)တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝိစာရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**



ဆရာတော် လောင်းလျာသည် မန္တလေးတိုင်း ဒေသကြီး မြင်းခြံမြို့နယ် မြစ်သာကျေးရွာတွင် ခမည်းတော် ဦးတေး+မယ်တော် ဒေါ်ငွေရှင်တို့မှ ၁၂၉၄ ခုနှစ် နယုန်လဆန်း ၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၀ ပြည့်နှစ် ဝါဆိုလဆန်း ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် နဂါးပေါက်ကျေးရွာ ရွှေမြင်တင်မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တအာလောက ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေပြုခဲ့ပါသည်။ ၁၃၁၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်တွင် မြင်းခြံမြို့နယ် မြစ်သာကျေးရွာ ခဏ္ဍသိမ်၌ ဖက်ပင်အိုင်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဦးသိန်းမောင်+ ဒေါ်ကြွေ တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ၊ ရတနာသိဒ္ဓိကျောင်းတိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ တိလောကာလင်္ကာရကျောင်းတိုက်အုပ်ဆရာတော် ဘဒ္ဒန္တ မာဃိန္ဒ၊ ဓမ္မောဒယကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒ၊ သာသနဇောတိပါလကျောင်းကြီးဆရာတော် ဘဒ္ဒန္တ နန္ဒာစရိယ၊ ဈေးကျောင်းဆရာတော် ဘဒ္ဒန္တနာယက၊ သဒ္ဓမ္မဇောတိကကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒ၊ သာသနာ လင်္ကာရကျောင်းဆရာတော် ဘဒ္ဒန္တဂန္ဓမာ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဃိယ၊ အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ စသည့် ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး **"သာသနဓဇ ဓမ္မာစရိယ၊ အဘိဓမ္မပါဠိပါရဂူ"** ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမအကြိမ် မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဒေသကြီးဝိနည်းဓိုရ်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် သက်တမ်းတစ်ဝက်နှင့် တတိယအကြိမ် သက်တမ်းတစ်ဝက်၌ မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်နှင့် တွဲဖက်အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဧရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီ ပေသလ သိက္ခာ ကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၂ ခုနှစ်တွင် **"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"**၊ **၁၉၉၃ ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ"၊ ၂၀၀၃ ခုနှစ်တွင် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"၊ ၂၀၁၅ ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါအရ ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၄ ရက်၊ (၂၄–၁–၂၀၂၃)၊ အင်္ဂါနေ့၊ ည ၁၀:၁၀ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁-၂၀၂၃ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓဇဂ္ဂသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်၊ နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်
**၀၉:၁၀** NRC အစီအစဉ်
**၀၉:၃၀** ပြည်ထောင်စုနေ့ ဂုဏ်ပြုတေးသီချင်း
**၁၀:၀၀** သတင်းထဲကသတင်း
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း**' (အပိုင်း-၅၇)
**၁၃:၃၀** MRTV National News
**၁၅:၄၀** ရုပ်မြင်သံကြားဇာတ်လမ်း '**ကွဲအက်သွားသောပန်းခွက်ကလေး**'
**၁၆:၃၅** လေ့လာစရာစုံလင်အကောက်ခွန်သမိုင်းပြတိုက်တွင်
**၁၇:၂၀** Soccer View
**၁၇:၃၅** ပုဂံနှင့်ယွန်းထည်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါးဒါးအချစ်ချိုချို**' (အပိုင်း-၄၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** တပ်မတော်(ရေ)ဂုဏ်ပြုဇာတ်လမ်း '**ကြယ်ညွှန်ရာသစ္စာ**' (အပိုင်း-၉+၁၀)
**၂၂:၃၅** ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်၊ နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်

**mitv**

**07:01** Evergreen Classic: Aseinnaya (Takkatho Lae Lae)
**07:10** Shwedagon Buddha Museum
**07:44** Nga Laik Sakhanthar Elephant Camp
**08:01** News
**08:28** Healthy Diet: Keto Diet
**08:37** Myanmar's Traditions and Culture "Myanmar Pottery"
**09:01** Danu Food: Mone Nyin Saw Dish
**09:07** International Dances in Myanmar
**09:27** Famous Ywar Ngan Coffee From Shan Highlands
**09:48** Myanmar Masterclass: Artist Pann Kyi
**10:01** News
**10:27** Myanmar Traditional Snacks: Shwe Hta Min

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
နွေးထွေးသည့်လုမ်ဘန်းရွာသို့အလည်တစ်ခေါက် (အပိုင်း-၂)
**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းသီချင်းကြိုး(အပိုင်း-၃)
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ရာသီအလိုက်မွန်ရိုးရာပွဲတော်များ
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ရခိုင်ရှိသင်္ကေတလာဘ်ကောင်ဗျာလွ
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
လုပဆင်ယင်ခမ်းတီးအဆင်
**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
'ဝ' ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့(အပိုင်း-၁)
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ပူတာအိုသို့အလည်တစ်ခေါက်
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ဖိတ်ခေါ်တယ်လေ ကယားတို့မြေ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းရှိရာဒေသဆီသို့
**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
နှလုံးရောဂါအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်ငါးဆုပ်ဆန်လျော်ဟင်းနှင့်ဆန်လျော်ကြော်
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(တိရစ္ဆာန် အခေါ်အဝေါ်)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တစ်ပိုင်တစ်နိုင်ထုတ်လုပ်မှုဖြင့် ပိုင်းဝန်းကူညီဆောင်ရွက်ပေး
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အငွေ့**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၃၅** ပျားနှင့်ဝတ်မှုန်ကူးခြင်း
**၀၇:၁၀** မျိုးကောင်းမျိုးသန့်စိုက်ပျိုးအထွက်တိုးမယ့်ရွှေနေကြာ
**၀၇:၄၀** မြက်စားငါးကြင်းမွေးမြူထုတ်လုပ်ခြင်း
**၀၉:၁၅** ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲမှုန့်မျိုးစုံစားသုံးကြပါစို့
**၀၉:၃၅** ဘက်စုံခေတ်မီစိုက်ပျိုးရေးတိုးမြှင့်ပညာပေး

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မင်းပြားမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မင်းပြားမြို့ရှိ ရာမောင်ခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၈၇၇ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး EGC စက်ဖြင့် ရောဂါ ရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၁၀၂)ကို ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ် - ၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးရန်အောင်နှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇၊ ၂၈ နှင့် ၂၉ ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV - HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၁ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၂၇၆၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၂၇၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၃၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၂၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၆၀ ကျပ် | ၂၆၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၈၅ ကျပ် | ၂၄၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၈၃ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၉၅ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၃ . ၉၇၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၁၆ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၉၂ . ၇၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၉ . ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၇၂၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၈၅ | ၇၃၁၀၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၁၀၁ | ၃၂၈၂၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၅၅ | ၄၁၂၅၀၀ |
| FPB | ၁၈၀၀ | ၁၈၀၀ | ၅၈၈ | ၁၀၅၈၄၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁ | ၂၆၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၃၀၀ | ၁၄၇၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


# ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်လွှာ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး



ပိဋကတ်ကျောက်စာဓမ္မစေတီတော်
(ကျောက်စာချပ်-အလျား ၄၅"၊ အမြင့် ၉၃"၊
အထူ ၇.၂")၂ ချပ်ပါ



ပိဋကသုံးပုံ(၁)စုံလျှင် (၄၀)အုပ်
(ပါဠိရိုမန်အက်လိပ်/ပါဠိမြန်မာ)



အလှူရှင်၏ကမ္ပည်းမှတ်တမ်း

၁။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်းမှ ကျောက်စာဓမ္မစေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ်အပေါ်တွင် ကျောက်ထက်အက္ခရာတင်ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)တို့ကို ပါဠိမြန်မာ၊ ပါဠိရိုမန်အက္ခရာနှစ်မျိုးတို့ဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင်ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ ဥရောပနိုင်ငံမှ ထုတ်လုပ်သော(Creamy)အမျိုးအစားစက္ကူ 60 gsm၊ သားရေအဖုံးရွှေသွင်းတို့ဖြင့် စနစ်တကျစိစစ်ပြုစုပုံနှိပ်ပြီး ကျမ်းစာအုပ်(၄၀ အုပ်) (၁)စုံလျှင် (၁၂)သိန်းကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ရေးနှိုးဆော်ခဲ့ရာ အလှူရှင်ပြည်သူများက စေတနာသဒ္ဓါတရားထက်သန်စွာ ထည့်ဝင်လှူဒါန်းခဲ့ကြသောကြောင့် ၅၀၀ စုံ(၂၀၀၀၀ အုပ်)အတွက် လှူဒါန်းပြီးစီးခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ဒုတိယအကြိမ်အဖြစ် ဘာသာရေးကျမ်းစာအုပ်များကိုသာ ပုံနှိပ်ရန်အတွက် သန့်ရှင်းသောမြေပေါ်တွင် သီးသန့်စိုက်ပျိုးထားသည့် ထင်းရှူးပင်မှရသော ကုန်ကြမ်းအား အသုံးပြုပြီး အထူးအမှာစာပေးပို့မှာယူရသည့် ဂျပန်နိုင်ငံထုတ်(Creamy Coated Paper)ဖြင့် ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)၅၀၀ စုံ(၂၀၀၀၀ အုပ်)တို့ကို ထပ်မံထုတ်ဝေပူဇော်ပြီး လိုအပ်နေသေးသည့် ထေရဝါဒဗုဒ္ဓဘာသာသင်ကြားပေးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ ပြည်တွင်းရှိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အပြင် အလှူရှင်မှကိုယ်တိုင်ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့် လှူဒါန်းလိုပါကလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟူသော ပါဠိတော်အရ အလှူဒါနအားလုံးတို့တွင် ဓမ္မဒါနသည် အမြတ်ဆုံးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများအနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုပါက ကျမ်းစာအုပ်များ၌ **အလှူရှင်၏အမည်ကမ္ပည်းမှတ်တမ်းအား** အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး ပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)(၁)စုံလျှင် (၂၀)သိန်းကျပ်နှုန်းဖြင့် အင်းဝဘဏ်ငွေစာရင်းအမှတ်-၁၀၀၀၁၀၀၀၁၀၄၄၄၄၀၁၊ မြဝတီဘဏ်ငွေစာရင်းအမှတ်- ၁၁၀၀၁၀၀၀၀၀၂၇၇၇၂ နှင့် ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်- ၀၁၄၃၀၄၀၁၄၀၂၇၁၉၂၀၁ တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်-

ဆက်သွယ်လှူဒါန်းရန်၊ ဦးစိုးလွင်ကျော်-ဖုန်း-၀၉-၆၉၁၀၀၀၉၆၉၊ ၀၉-၄၅၀၀၇၀၀၂၉၊ ဒေါ်အေးအေးကြည်-ဖုန်း-၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ပိဋကတ်ကျောက်စာဓမ္မစေတီတော်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၆၈၉။ | သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်တပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ (ဓမ္မစေတီတော်-၁ ဆူ ဆဋ္ဌမအကြိမ်) | ၅၃၁၀၀၀၀ |
| ၃၆၉၀။ | အလုပ်သင်ဗိုလ်အမှတ်စဉ်(၅)မှ ကျောင်းဆင်းမိသားစုများ (ဓမ္မစေတီတော်-၁ ဆူ ဒုတိယအကြိမ်) | ၆၀၀၀၀၀၀ |
| ၃၆၉၁။ | ဗိုလ်မှူးကြီးစံပြည့်(ငြိမ်း)+ဒေါ်အေးအေးသန်း သား၊ သမီး၊ မြေးမိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ပထမအကြိမ်) | ၁၀၀၀၀၀၀၀ |
| ၃၆၉၂။ | ဦးဝင်းဖေ+ဒေါက်တာခင်ကျော့ယဉ် သားသမီးများဖြစ်ကြသော ဒေါက်တာမင်းမင်းအောင်သူ+ဒေါက်တာစုမင်းမင်းထိုက်၊ ကိုနေမင်းထိုက်+မဖြူစင်ဝင်းမောင်၊ မြေးများဖြစ်သော မောင်သိခ်မင်းမင်းဇော်၊ မချိုမြတ်ကြယ်စင်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |
| ၃၆၉၃။ | (ဦးအောင်ဒွန်း+ဒေါ်ချိန်)၊ (ဒေါ်တင်တင်၊ ဦးထွန်းအောင်၊ ဒုတိယဗိုလ်မှူးကြီးဒေါက်တာလှကျော်ဖေ)၊ ကျောင်းအမကြီးဒေါ်အေးမြိုင်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |
| ၃၆၉၄။ | ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ဖခင်ဦးဘစီနှင့်မိခင် ဒေါ်သောင်းရွှေ တို့အားရည်စူး၍ သားသမီးများဖြစ်ကြသော ဦးအောင်ကျော်မြင့်၊ ဦးအောင်တင့်၊ ဒေါ်တင်တင်မေနှင့်မြေးများ ဦးဇော်ဇော်အောင်၊ ဦးထွန်းထွန်းကျော်၊ ဒေါ်အေးစန္ဒာမြင့် မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |
| ၃၆၉၅။ | ဦးအောင်ကျော်မြင့်နှင့်ဇနီး ဒေါ်မေဦးလွင်မိသားစု (မန္တလေးမြို့) (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |
| ၃၆၉၆။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးထင်ဇော်နှင့်ဇနီး ဒေါ်လဲ့လဲ့မွန်၊ (သမီး)ဒေါက်တာသီရိဇော်+ဒေါက်တာကောင်းမြတ်အောင်၊ (မြေး)မဆုသီရိထက်မိသားစု (ဓမ္မစေတီတော်-၁ ဆူ တတိယအကြိမ်) | ၅၉၀၀၀၀၀ |
| ၃၆၉၇။ | ဦးသူရအောင်ဘိုနှင့်ဇနီး ဒေါ်မိုးမိုးစိုး၊ (သား)မောင်ရဲရင့်အောင်၊ မောင်အောင်သူရထွန်းမိသားစု (ဓမ္မစေတီတော်-၁ ဆူ စတုတ္ထအကြိမ်) | ၄၆၅၀၀၀၀ |

### သာသနိကအဆောက်အဦ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၆၉၈။ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (မြန်မာမှုတစ်ဖက်လှခြံစည်းရိုး-၃ ခန်း၊ လမ်းမီးတိုင်-၇ တိုင်၊ စိန်တောင်စကျင်ကနုတ်- ၃ခု၊ စကျင်ကျောက်ပြား-၂ ကျင်း၊ မဟာရံတံတိုင်းအင်္ဂတေ-၂ ကျင်း၊ ကွန်ကရစ်-၂ ကျင်း) | ၂၂၅၇၉၀၀၀ |
| ၃၆၉၉။ | ဗိုလ်မှူးစံလင်း(ငြိမ်း)+ဒေါ်တင်အုန်း သား၊ သမီး၊ မြေးမိသားစု | ၁၂၀၀၀၀၀ |
| ၃၇၀၀။ | ဗိုလ်မှူးချုပ်သန်းနိုင်မိသားစု (လမ်းမီးတိုင်-၁ တိုင်) | ၁၀၀၀၀၀၀ |
| ၃၇၀၁။ | ကွယ်လွန်သူဦးဘရင်+ဒေါ်စိန်မေ၊ ဦးသိန်းအောင်+ဒေါ်ထွေးချစ်၊ ဦးစန်းမောင်+ဒေါ်ထားတင်နှင့်အစ်ကို ဦးသန်းဇော်မိုးတို့အားရည်စူး၍ ဒေါ်ကြည်ကြည်ဝင်း(စာတည်း၊ စာပေဗိမာန်ရုံး)ကောင်းမှု (စကျင်ကျောက်ပြား-၁ ကျင်း) | ၄၇၀၀၀၀ |
| ၃၇၀၂။ | ဒုတိယတပ်ကြပ်ဝင်းမော် (မဟာရံတံတိုင်းအင်္ဂတေ-၁ ကျင်း) | ၄၁၀၀၀၀ |
| ၃၇၀၃။ | မြေပြင်အတတ်သင်လေတပ်စခန်းမှအရာရှိနှင့်စစ်သည်မိသားစုများ | ၂၃၀၀၀၀ |
| ၃၇၀၄။ | ဦးမြဝင်း+ဒေါ်ခင်ကြည်တို့အားအမှူးထား၍(သမီး)မမူမူစန်း | ၂၀၀၀၀၀ |
| ၃၇၀၅။ | တပ်ကြပ်ကြီးမျိုးကိုအားရည်စူး၍ ဇနီးဒေါ်သန်းသန်းဌေးနှင့် (သား)မောင်ဘုန်းမြတ်သူမိသားစုကောင်းမှု (Garden Light-၁ တိုင်) | ၁၂၀၀၀၀ |
| ၃၇၀၆။ | ဦးထွန်းရွှေ+ဒေါ်ခင်ကြွေ မိဘရိပ်အမှုန့်ကြိတ်စက်မိသားစု (အင်ပူမြို့) | ၁၀၀၀၀၀ |
| ၃၇၀၇။ | ဦးကျော်အုန်းသန်း+ဒေါ်ချိုချိုနိုင်မိသားစု | ၁၀၀၀၀၀ |
| ၃၇၀၈။ | ဦးတင်ဝင်း+(ဒေါ်ခင်မာရီ)နှင့်ဒေါ်ဝင်းထိုက်၊ (သား)မောင်တေဇမောင်မိသားစု | ၁၀၀၀၀၀ |
| ၃၇၀၉။ | ဦးညွန့်ဝင်း+ဒေါ်ခင်မမိသားစု | ၁၀၀၀၀၀ |
| ၃၇၁၀။ | ကွယ်လွန်သူဦးလှသောင်းအားရည်စူး၍ ဒေါ်သန်းလှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၃၇၁၁။ | ကွယ်လွန်သူဒေါ်တင်လှ(၁)နှစ်ပြည့်အားရည်စူး၍ ခင်ပွန်းဦးမောင်မြင့်နှင့် သား၊ သမီး၊ မြေးများကောင်းမှု | ၁၀၀၀၀၀ |
| ၃၇၁၂။ | တရားလွှတ်တော်ရှေ့နေ ဦးမျိုးသန့်နှင့်ဇနီး ဒေါ်နှင်းသက်ဝေ၊ (သမီး)မဖူးမြတ်သွယ်မိသားစု | ၅၀၀၀၀ |
| ၃၇၁၃။ | ဦးကိုကို+ဒေါ်ယဉ်ယဉ်မြမိသားစု | ၅၀၀၀၀ |
| ၃၇၁၄။ | ဗိုလ်ကြီးမြင့်ဦး+ဒေါ်ဝင်းဝင်းမာ၊ (သမီး)မသဲသဲခိုင်မိသားစု | ၃၀၀၀၀ |
| ၃၇၁၅။ | ဦးသိန်း+ဒေါ်စန်းဌေးမိသားစု (အရာတော်မြို့) | ၃၀၀၀၀ |

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၇၁၆။ | ဟိန်းထက်ဖြိုးကုမ္ပဏီမိသားစု | ၆၀၀၀၀၀၀ (ကျမ်းစာအုပ်-၅ စုံ) |
| ၃၇၁၇။ | ဦးကျော်ညိုမြတ်(အောင်မြန်မာအီလက်ထရောနစ်စင်တာ)မိသားစု | ၆၀၀၀၀၀၀ (ကျမ်းစာအုပ်-၅ စုံ) |
| ၃၇၁၈။ | ဒေါက်တာကျော်ဆန်း+ဒေါက်တာသင်းသင်းနွယ်၊ (သား)ဝေယံကျော်ဆန်း၊ မင်းကျော်ဆန်းမိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၁၉။ | ဦးတိုးထွန်းမြင့်+ဒေါ်ဌေးဌေးတင်၊ (သား)မောင်ညီညီတိုးပြည့်+မအိမေဖူး(သမီး)မတိုးအိန္ဒြာခင်မိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၀။ | ဦးမင်းဝဏ္ဏလွင်နှင့်ဇနီး ဒေါ်ဟန်အိစိုး၊ (သမီး)မဆုလာဘ်လွင်မိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၁။ | ဦးရဲတင့်လွင်နှင့်ဇနီး မစုစုလှိုင် Luck Moe Hlaing Co.,Ltd. မိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၂။ | မိုးထိအောင်စည်ဟိန်းကုမ္ပဏီမိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၃။ | ကွယ်လွန်သူအဘိုးအဘွားမိဘများ ဖြစ်ကြသောဦးဘိုးဝါ+ဒေါ်မယ်တင့်၊ ဦးကြင်သိမ်း+ဒေါ်စံမယ်၊ ဦးယုခင်+ဒေါ်ဆိုက်လျှံ၊ ဦးရန်နား+ဒေါ်စိန်အုပ်၊ ဦးဟန်ထိုင်+ဒေါ်အေးကြင်၊ ဦးခင်ဟုန်းတို့အားရည်စူး၍ ဦးထွန်းရှိန်+ဒေါ်ပုလဲ(ပုလဲဂေဟာမိသားစု) | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၄။ | (ဦးအောင်ဒွန်း+ဒေါ်ချိန်)၊ (ဒေါ်တင်တင်၊ ဦးထွန်းအောင်၊ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာလှကျော်ဖေ)၊ ကျောင်းအမကြီးဒေါ်အေးမြိုင်မိသားစုကောင်းမှု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၅။ | ကျေးဇူးရှင်ဘိုးဘွားမိဘများနှင့် ကွယ်လွန်သူများအားရည်စူး၍ ဒေါ်ခင်ခင်ချို (၇၈)နှစ် မွေးနေ့အလှူ | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၆။ | ဦးခင်မောင်သန်း+ဒေါ်တင်တင်အေးမိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |




**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မိတ္ထီလာမြို့၊ အမှတ်(၂၇၀)၊ ရတနာလမ်း၊ ရန်မျိုးအောင်၊ နယ်မြေ(၁)၊ အောင်စပယ်ရပ်နေ (ဘ) ဦးစိုးလှိုင်၏ သား ဦးစိန်လှိုင်မြင့်(ခ)ဦးချိုချို ၉/မထလ(နိုင်)၁၇၀၄၁၀၊ မွေးသက္ကရာဇ် ၂၃-၅-၁၉၅၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစိန်လှိုင်မြင့်(ခ)ဦးချိုချို

**သင့်စီးပွားရေး**

**လုပ်ငန်းများ**

**အောင်မြင်ဖို့**

**မြန်မာ့အလင်း**

**သတင်းစာတွင်**

**ကြော်ငြာစို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆)ပါ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဦးဖပေးဆင်း အစား ဦးဖတေးဆင်း ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## မိဘအမည်မှန်

တောင်ကြီးမြို့၊ ကံကြီး ရပ်ကွက်၊ အလက(ဂနိုင်ရွေး) Grade-1မှ ခွန်ပိုင်စိုးခမ်း၏ မိဘအမည်မှန်မှာ ဦးခွန်အောင်သန်း ၁၃/တကန(နိုင်)၂၄၀၇၉၂ -ဒေါ်နန်းခင်ရီဝင်း ၁၃/တကန(နိုင်) ၁၃၉၇၃၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/23673 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမောင်မောင် ၉/မထလ(နိုင်)၃၄၉၅၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မိတ္ထီလာမြို့)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/8159 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်အနောက်ပိုင်း)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက် အနောက်မြို့ပတ်လမ်း၊ အိမ်အမှတ်(ခ/၂၅၄)နေ ဦးစိုင်းခမ်းအောင်- (ဒေါ်စိုးမိုးအေး)တို့၏သား စိုင်းခမ်းဝသုန် ၁၃/တကန(နိုင်)၂၈၈၀၃၉သည် မိဘများအား စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ပါ။

ဦးစိုင်းခမ်းအောင်

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/8172 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဇီဝမျိုးစုံမျိုးကွဲတွေ**

**ကြွယ်စေဖို့**

**သဘာဝတောတွေ**

**ထိန်းသိမ်းစို့**

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ အသုံးပြု၍ Desktop Computer နှင့် Fax Machine အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.15.Equipment(3rd) (2022-2023) |
| တင်ဒါစတင်သည့်ရက် | - | ၂၆-၁-၂၀၂၃ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့် ရက်နှင့်အချိန် | - | ၈-၂-၂၀၂၃ ရက်နေ့ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀/ဟံသာရိပ်မွန်၊ မြေကွက်အမှတ် (၁/၃၃)၊ မြေရေိယာ ၀ဒသမ၀၄၉ကေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် Duplex (၂)ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှမိုး ၁၂/ဗဟန(နိုင်)၀၃၈၇၀၅မှ တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော် ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ Duplex(၂)ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးရီ (LL.B)** | **ဒေါ်ဝသန်စည်သူ (LL.B) (D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ (၄၃၇၃)** | **အထက်တန်းရှေ့နေ (၅၃၀၀၃)** |

**အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) တာချီလိတ်ခရိုင်တရားရုံးတော် ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၃

| | | |
|---|---|---|
| ဒေါ်အီလှ | နှင့် | ဒေါ်နန်းအမ်း |
| **တရားလို** | | **တရားပြိုင်** |

အမှတ်(၄/၆၇)၊ ဆန်းရှိုင်းအိမ်ရာ၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ တာချီလိတ်မြို့နေ ဒေါ်နန်းအမ်း(ယခုနေရပ်လိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အီလှ က မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၇ရက် (၁၃၈၄ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဇန်နဝါရီလ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စံမြင့်)
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာ၊ ကွင်းအမှတ်(၆၈၁-ခ)၊ ကွင်းအမည်-ကွင်းပြင်၊ ဦးပိုင်အမှတ်(N-9,N-10,N-14,M-15)၊ မြေရေိယာ(၃၀)ကေအား မူလပိုင်ရှင် ဦးလှအောင်၊ ဒေါ်ရန်ဆိုင်းအမ်၊ ဦးအောင်ရွှေတို့ထံမှ ဦးဟံဝင်းအောင်က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဟံဝင်းအောင် ၉/နထက(နိုင်)၁၀၂၄၅၆ပိုင်ဆိုင်သည့် မြေကွက်ထဲမှ အကွက်အမှတ်(BB-13)(B-13)(BB-11)(B-11)(BB-12)(B-12) တို့အား ကျွန်မ ဒေါ်နီလာအောင် ၉/မရက(နိုင်)၀၀၃၁၉၀က ရောင်းကြေးငွေပေးချေပြီး ဝယ်ယူထားကာ လက်ရောက်ပိုင်ဆိုင်ရရှိထားသော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်မဒေါ်နီလာအောင်မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကျွန်မဒေါ်နီလာအောင်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံခြင်း၊ ကျူးကျော်နေထိုင်ခြင်း မပြုလုပ်ရန်နှင့် တစ်စုံတစ်ဦးမှ ဌာနဆိုင်ရာရုံးများတွင် ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း တစ်စုံတစ်ရာပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာအောင် ၉/မရတ (နိုင်) ၀၀၃၁၉၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/7822, Toyota Hilux, P/U ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၇/အဖန(နိုင်)၀၅၈၄၉၇ က (ကမ-၃) ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၃၆၃၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြင့်နွယ် ၁၀/မဒန(နိုင်)၁၂၅၀၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ (မော်လမြိုင်)

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/4443 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/5484 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်1G/2849 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ရန် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်ကွက်၊ အောင်ချမ်းသာရပ်၊ (၁၈)ရှောလီဝိုင်းတောင်ရပ်၊ ဦးပိုင်အမှတ်(၅၀၃)၊ မြေရေိယာ(၀ဒသမ၀၆၆)ကေ၊ အိမ်အမှတ်(၃၂၅)ရှိ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်ခေါင် ၉/မကန(နိုင်)၀၅၁၇၈၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးယောဟန် ၉/မကန(နိုင်)၁၄၅၅၈၃က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သောရက်ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရာဇာထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၀၄၁၆)**
**အမှတ်(၁၅၈)၊ အောင်ချမ်းသာရပ်၊ မိုးကုတ်မြို့**
**ဖုန်း-၀၉-၇၇၅၅၅၅၂၇၇၊ ၀၉-၂၅၉၉၈၀၃၇၇**

## ကန့်ကွက်နိုင်ရန် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်ကွက်၊ အောင်ချမ်းသာရပ်၊ (၁၈)ရှောလီဝိုင်းတောင်ရပ်၊ ဦးပိုင်အမှတ် (N/၄၄၃/၁)၊ မြေရေိယာ (၂၅ပေx၆ပေ ၅၀)၊ အိမ်အမှတ် (၁၆၀)ရှိ အိမ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်သူ (၁)ဦးတိုး ၉/နထက(နိုင်)၀၀၆၄၃၅၊ (၂) ဒေါ်တင်မာစမ်း ၉/နထက(နိုင်)၀၅၂၁၅၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးလှိုင် ၉/ပကခ(နိုင်)၀၀၆၇၉၆ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သောရက်ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရာဇာထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၀၄၁၆)၊ အမှတ် (၁၅၈)၊ အောင်ချမ်းသာရပ်၊ မိုးကုတ်မြို့၊ ဖုန်း-၀၉-၇၇၅၅၅၅၂၇၇၊ ၀၉-၂၅၉၉၈၀၃၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်မှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေရေိယာ (၀ဒသမ၁၁၀)ကေရှိ ဦးအောင်ကိုလတ် ၁၄/ပသန(နိုင်) ၁၆၅၅၆၆ (ဘ) ဦးမိုးမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၃၀၁)ကို ပျဉ်းမနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၉/၂၀၀၉ (၁၃-၁၁-၂၀၀၉)ဖြင့်မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ထွေးထွေးမြတ် ၉/မထလ(နိုင်)၁၇၆၄၈၅(ဘ)ဦးမြသိန်းမှ ဒေါ်မျိုးမျိုးအေး ၉/မမန(နိုင်)၀၂၈၂၅၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဥပဒေရေးရာဝန်ကြီးဌာန
## ကြော်ငြာစာအမှတ် ၁ / ၂၀၂၃
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဥပဒေအရာရှိအဆင့်(၄) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသား ၅၀ ဦး နှင့် အမျိုးသမီး ၅၀ ဦး ခန့်ထားရန်ရှိပါသည်။

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) အနိမ့်ဆုံး ဥပဒေဘွဲ့(LL.B)ရရှိပြီးသူဖြစ်ရမည်၊
(ဂ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(ဃ) အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ရမည်၊
(င) ၃၁-၁၂-၂၀၂၂ ရက်နေ့တွင် အသက်(၂၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ မဟာဥပဒေဘွဲ့ (L.L.M) ရရှိသူဖြစ်ပါက အသက်(၃၀)နှစ်ထက်မကြီးသူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက်မကြီးသူဖြစ်ရမည်၊
(စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ စာမေးပွဲကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များရှိ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ မြို့နယ်ဥပဒေရုံး ငွေစာရင်းခေါင်းစဉ်သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅)၌ ငွေစာရင်းအမှတ်၊ အမ်ဒီ - ၀၂၃၅၆၆ သို့လည်းကောင်းပေးသွင်းရမည်။

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံတစ်စောင်ကို စာမေးပွဲအတွက် ငွေသွင်းချလံမူရင်းပြ၍ ခရိုင်ဥပဒေရုံးများတွင် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။(ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံနှစ်စောင် ဝယ်ယူရမည်။)

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ဥပဒေဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်နှင့်စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)
(ခ) စာမေးပွဲဝင်ကြေးပေးသွင်းထားသည့် ငွေသွင်းချလံမူရင်း၊
(ဂ) အသက်အတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်နှင့် စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)
(ဃ) ပြင်ပပုဂ္ဂိုလ်များအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိနှစ်ဦး၏ ၁-၂-၂၀၂၃ ရက်နေ့နောက်ပိုင်း ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(စ) ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ (လွန်ခဲ့သော ၆ လခန့်)
(ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)

၆။ လျှောက်လွှာပိတ်ရက်သည် ၁၄-၂-၂၀၂၃ရက်၊ ညနေ ၄:၃၀ နာရီဖြစ်သည်။

၇။ လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက လျှောက်လွှာကို မိမိလျှောက်လွှာထုတ်ယူခဲ့သည့် ခရိုင်ဥပဒေရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ရက်ထက် မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၈။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုနိုင်သော ဌာနဆိုင်ရာအကြီးအကဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်(စီမံရေးရာဦးစီးဌာန)၊ ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော်သို့လည်းကောင်း၊ ကျန်လျှောက်လွှာတစ်စောင်ကို မိမိလျှောက်လွှာထုတ်ယူခဲ့သည့် ခရိုင် ဥပဒေရုံးသို့လည်းကောင်း သတ်မှတ်ရက်ထက်မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ၂၆-၂-၂၀၂၃ ရက်နေ့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို ၂၅-၂-၂၀၂၃ ရက်နေ့၌ ဥပဒေရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၅)နေပြည်တော်တွင် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း) ပြသ၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်။

၁၀။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များ ဖြေဆိုရမည်-

(က) မြန်မာစာ + အထွေထွေဗဟုသုတ
(ခ) အင်္ဂလိပ်စာ + ဥပဒေဘာသာရပ် (၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ တရားမကျင့်ထုံး ဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ)

၁၁။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင် လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

၁၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမည် ဖြစ်ပါသည်။

၁၄။ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**ဥပဒေရေးရာဝန်ကြီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/9661 ယာဉ်လက်ဝယ်ရှိသူ ဦးအခင်း ၇/ကဝန(နိုင်)၀၈၅၀၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/76345 ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်ကျော် ၇/ပခန(နိုင်)၃၁၉၉၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

### တစ်ဦးတည်းဖြစ်ကြောင်း

ဒေါ်နန်းမူ ၁၃/ကတလ (နိုင်) ၀၁၂၁၃၅ ၏ အဖအမည်မှန်မှာ ဦးသောင်နှင့် ဦးဆောင်ဟူ၍ အမည် (၂)မျိုး ကွဲလွဲနေပါသည်။ ထိုသို့ အမည် (၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ကြောင်း။

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/4290 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရကျောင်းသားဟောင်းများ၏ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်ခြင်း

(၂၄)ကြိမ်မြောက် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများ၏ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၂၃ ခုနှစ်၊ မေလတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသားဟောင်းများ ကန်တော့ငွေပါဝင်လှူဒါန်းလိုပါက Bank Name: AYA BANK Naypyitaw, Account No:400–276–77278,Customer Name:Hnin Yu Lwin, Swe Swe Mar, Aye Moe San ထံသို့ ပေးပို့လှူဒါန်းနိုင်ပါကြောင်းနှင့် ဖုန်း–၀၉–၈၈၃၈၆၄၈၈၆ သို့လည်း ဆက်သွယ်၍ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ ပူဇော်ကန်တော့ပွဲ ကျင်းပမည့်အချိန်၊ နေ့ရက်၊ နေရာနှင့် ကျင်းပမည့် ပုံစံတို့ကို ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

**ပူဇော်ကန်တော့ပွဲကျင်းပရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် (၆၉၄)၊ ဦးပိုင်အမှတ် (၆)၊ ၃၉လမ်းနှင့် လမ်း ၄၀ ကြား၊ ၇၂လမ်းနှင့် ၇၃လမ်းကြားရှိ ဘိုးဘပိုင်မြေကွက်အမည်ပေါက်သူ ဒေါ်အေးရွှင်သည် အိမ်ထောင်မရှိ အပျိုကြီးဘဝဖြင့် ကွယ်လွန်၍ အတူနေ တစ်ဦးတည်းသော တူမအရင်း ဒေါ်ခင်စန်း ၉/မရတ(နိုင်)၀၇၁၄၅၆က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်းကျေးရွာ ရွှေစေတီလမ်း၊ အိမ်အမှတ် (၁၅/၁၇)၊ (၃၈x၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ၁။ ဒေါ်အုံးနု ၁၂/မဂဒ(နိုင်)၀၄၇၇၀၇၊ ၂။ ဒေါ်အေးသိန်း ၁၂/မဂဒ(နိုင်)၀၄၇၇၀၈၊ ၃။ ဒေါ်အေးကြည် ၁၂/မဂဒ(နိုင်)၀၄၇၇၁၀တို့မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဦးရဲထွန်း ၁၂/ကမရ(နိုင်)၀၃၆၀၄၈ကလည်း ဝယ်ယူရန်အတွက် မြေကွက်၏ ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်သွယ်ဇင်အေး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** | **(စဉ်-၅၄၇၅၂/၂၀၂၂)** |

**တိုက် (၄)၊ အခန်း (၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မဟာမြိုင် (၁)ရပ်ကွက်၊ အကွက်အမှတ် (တ-၇/စ)၊ ဦးပိုင်အမှတ် (၁၆)၊ ၆၈လမ်းနှင့် ၆၉ လမ်းကြား၊ သိပ္ပံလမ်းနှင့် ပိတောက်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်လေးယုထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၁၄၃/၂၀၀၁)ဖြင့် ဝယ်ယူခဲ့သော ဇနီး ဒေါ်ရှောက်ကျိန်ကွယ်လွန်သဖြင့် အမွေဆက်ခံစာချုပ်အမှတ် (၃၄၃၅/၂၀၂၂)အရ ပိုင်ဆိုင်သူ (ခင်ပွန်း) ဦးလျူတက်ကွမ်း (ခ)အောင်နိုင် ၁၃/လရန(နိုင်)၀၉၂၇၆၄ ၏ (G.P ရသူ ဦးရန်ဝင်းမြင့်)က ဂရန်စာချုပ်မူရင်း ပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး) ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ (သား)ဦးထင်ရှမ်းအား ပေးကမ်းမည်ဖြစ်၍ အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၆)၊ ဦးပိုင်အမှတ် (၉)၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ၈၈လမ်းနှင့် ၈၉ လမ်းကြားရှိ ဦးအောင်စိန်၊ ဒေါ်သန်း အမည်ပေါက် ဘိုးဘမြေကွက်အား အဘိုးဖြစ်သူ ဦးအောင်စိန်၊ အဘွားဖြစ်သူ ဒေါ်သန်း၊ ဖခင်ဖြစ်သူ ဦးသန်းအောင်၊ မိခင်ဖြစ်သူ ဒေါ်အမာ၊ သားဖြစ်သူ ဦးကျော်စိုးမိုးတို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော မြေးများဖြစ်သည့် ဦးလှမျိုးအောင် ၉/ခအဇ(နိုင်) ၀၁၁၆၁၀၊ ဒေါ်သိန်းသိန်းတိုး ၉/မနတ(နိုင်)၀၀၆၁၆၅၊ ဒေါ်ခိုင်ခိုင်လင်း ၉/မနတ(နိုင်) ၀၉၆၄၆၃တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်။

